# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၀၉)၊ ၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ ၁၂-၁၀-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အမျိုးသား)အိုးစည်အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမနှင့် အမျိုးသားပြတိုက်တို့၌ ကျင်းပလျက်ရှိသည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟိုအဆင့်)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၁

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၁၂ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး

## သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ အလေးထားလုပ်ဆောင်လျက်ရှိ

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနား ယခုနှစ် ဆောင်ပုဒ်မှာ Fund Resilience, Not Disasters ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ သုံးစွဲဘဏ္ဍာတိုးမြှင့်ပေး ဖြစ်သည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီရင်ခံစာအရ ၂၀၂၄ ခုနှစ်သည် အပူဆုံးနှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သဘာဝဘေးဖြစ်ပွားမှုကို လေ့လာရာတွင် ရေဘေးခံစားရနိုင်ခြေရှိသည့် လူဦးရေသည် ၁၉၇၀ ပြည့်နှစ်တွင် ၂၈ ဒသမ ၁ သန်းမှ ၂၀၂၀ ပြည့်နှစ်တွင် ၃၅ ဒသမ ၁ သန်းထိ ၂၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ မိုးခေါင်ရေရှားဘေးသည် လွန်ခဲ့သည့်နှစ် ၂၀ ကျော်အတွင်း ၂၉ ရာခိုင်နှုန်းအထိ တိုးမြင့်ခဲ့ကြောင်း၊ အပူပိုင်းမုန်တိုင်းကြောင့် နှစ်စဉ် ခန့်မှန်းခြေဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉ ဘီလီယံ ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စပေါင်းခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံတွင်လည်း ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ နေအိမ်၊ စာသင်ကျောင်းတို့အပြင် လျှပ်စစ်၊ ပို့ဆောင်ဆက်သွယ်ရေး စသည့်ကဏ္ဍပေါင်းစုံတွင် ထိခိုက်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၇၉၇၉ ဘီလီယံကျော်ရှိခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ငလျင်ဘေးအရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များ၊ ပြည်သူများ လက်တွဲညီစွာဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေ ညွှန်းကိန်းအရ ထိခိုက်ဆုံးရှုံးနိုင်ခြေ အမြင့်မားဆုံးနိုင်ငံ ၁၀ နိုင်ငံအနက် ဆဋ္ဌမမြောက်နေရာတွင် ပါဝင်နေသဖြင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများကို ဦးစားပေးအဆင့်အနေဖြင့် အစဉ်တစိုက် အလေးထားလုပ်ဆောင်ကြရန် အလွန်အရေးကြီးကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယိုဂူတာရက်စ်၏ သတင်းစကားရုပ်သံနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် သဘာဝဘေးစီမံခန့်ခွဲမှု မှတ်တမ်းတင်ဗီဒီယိုတို့ကို ပြသသည်။

ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို ထူထောင်ရာတွင် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍများသာမက ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတိုင်းသည် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အစီအမံများတွင် ရန်ပုံငွေကို ပိုမိုထည့်သွင်းရင်းနှီးမြှုပ်နှံကြခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုကို လျော့နည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မိုးညှင်းတက္ကသိုလ်၌ သိပ္ပံဘာသာရပ်များနှင့် ဝိဇ္ဇာဘာသာရပ်များမှ သုတေသနစကားဝိုင်း ဆွေးနွေး

**မိုးညှင်း အောက်တိုဘာ ၁၁**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် မိုးညှင်းတက္ကသိုလ်တွင် ပြုလုပ်သည့် သိပ္ပံဘာသာရပ်များနှင့် ဝိဇ္ဇာဘာသာရပ်များမှ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ၊ ဆရာမများအား သုတေသနစကားဝိုင်း ဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက တက္ကသိုလ် ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာနိုင်နိုင်လတ်က အဆင့်မြင့်ပညာကဏ္ဍတွင် သင်ကြားရေးနှင့် သုတေသနလုပ်ငန်းသည် အရေးကြီးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းကဏ္ဍသည် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည် ဖြစ်ပါကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် ပထမဦးစွာအနေဖြင့် သိပ္ပံဘာသာရပ်၏ သုတေသနစကားဝိုင်းကို ကျင်းပရာ ရူပဗေဒဘာသာရပ်မှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာကျော်ကျော်ဝင်း ဦးဆောင်သည့် သိပ္ပံဘာသာရပ်များမှ ဆရာ၊ ဆရာမများက Importance of Research and Benefits of Integrated Research ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝိဇ္ဇာဘာသာရပ်သုတေသန၏ စကားဝိုင်းတွင် ပထဝီဝင်ဘာသာရပ်မှ ပါမောက္ခ (ဌာနမှူး)ဒေါက်တာဘိုဘို ဦးဆောင်သည့် ဝိဇ္ဇာဘာသာရပ်များမှ ဆရာ၊ ဆရာမများက Research and Development in Humanity and Social Science ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးကြပြီးနောက် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများက ဆွေးနွေးမှုအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ရွှေမိုးညှင်း)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၁၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၀လမ်း၊ ဒေါနဘွားကားဝင်းအနီး၊ ဓာတ်ငွေ့စက်ရုံရှေ့နှင့် ချမ်းမြသာစည်မြို့နယ်၊ ၁၀၄ လမ်းနှင့် ၇၈ လမ်းထောင့်၊ ဖူဂျီ Shopping Mall ရှေ့၊ ချမ်းတောင်ရပ်ကွက်တို့တွင်လည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ၇၄ လမ်း၊ ၂၈ လမ်းနှင့် ၂၉လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ရန်-မန်း လမ်း၊ မိုးထိအောင်စည်ရိပ်သာ အရှေ့၊ ဘောလုံးကွင်းအတွင်းတို့ တွင်လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရတနာအနောက် ရပ်ကွက်၊ ၈၅လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံ မြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ဘက်တို့တွင် လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက် တွင် ချမ်းမြသာစည်မြို့နယ်၊ ၅၉ လမ်း၊ ၁၁၂ လမ်းနှင့် ၁၁၃ လမ်း၊ ကံသာယာရပ်ကွက်တွင်လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက် တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၅၅လမ်းနှင့် ၁၂၀ လမ်းထောင့်၊ ပြည်ရန်ကျော်ဈေးအနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှ

အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

## ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား အိုးစည်အတီးပြိုင်ပွဲနှင့် အမျိုးသား ဒိုးပတ်ပြိုင်ပွဲတို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အဖွဲ့များက လှပသေသပ်လှသည့် တီးလုံးတီးကွက်များ၊ ကပြသီဆိုမှုများဖြင့် မြူးကြွမြိုင်ဆိုင်စွာ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အမျိုးသားပြတိုက် (Mini Theatre) တွင် ကျင်းပပြုလုပ်လျက်ရှိသည့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးစောင်းအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြိုင်ပွဲဝင်များက လျှပ်ပန်းခွေနွဲ့ (ယိုးဒယား) သီချင်းဖြင့် သာယာနာပျော်ဖွယ် တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) စန္ဒရားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များက မနက်ဖြန် (သို့မဟုတ်) ဘယ်သောအခါ (ကာလပေါ်)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံး ညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့်

စာမျက်နှာ ၄ သို့ ☆

✫ စာမျက်နှာ ၃ မှ
ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာ အနုပညာရပ်များကို မျိုးဆက်သစ် လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေးနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ရေး စသည့် ရည်ရွယ်ချက်များဖြင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များ ကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရင်းရင်းနှီးနှီး နှုတ်ဆက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အောင်ဆန်းပုံနှိပ်စက်ရုံရှိ ပုံနှိပ်ရေးလုပ်ငန်းများနှင့် ဝဇီရာရုပ်ရှင်ရုံ ပြင်ဆင်ရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၁

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန အောင်ဆန်းပုံနှိပ်စက်ရုံရှိ ပုံနှိပ်ရေးလုပ်ငန်းများနှင့် ကျောက်တံတားမြို့နယ်ရှိ ဝဇီရာရုပ်ရှင်ရုံ ပြင်ဆင်ရေးလုပ်ငန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုံနှိပ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အတွက် လိုအပ်သည့် အရေးကြီး ပုံနှိပ်လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရေးနှင့် ချို့ယွင်းမှားယွင်းမှု တစ်စုံတစ်ရာ မဖြစ်ပေါ်စေရေးအတွက် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ကာ ပုံနှိပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အောင်ဆန်းပုံနှိပ်စက်ရုံရှိ ပုံနှိပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံသို့ ရောက်ရှိပြီး နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာ အဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလဗိသုကာလက်ရာများ၊ မူလပုံစံများ မပျက်ယွင်းစေဘဲ ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ ၂၀၂၆ ခုနှစ် မတ်လ ဒုတိယပတ်တွင် ပြီးစီးအောင် ပြင်ဆင်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြင်ဆင်ရေးလုပ်ငန်းများကို စဉ်းစားဆောင်ရွက်ရာတွင် ရေတိုလုပ်ငန်းများ သာမက ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုပါ ထည့်သွင်းတွက်ဆ ဆောင်ရွက်ရန် လိုပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံသည် ရန်ကုန်မြို့လယ်ကောင်တွင် တည်ရှိသည့်အတွက် နိုင်ငံတကာအဆင့်မီ ကဇာတ်ရုံကြီးတစ်ခု ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ကြစေလိုပါကြောင်းနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများကလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်နှင့် တက်ရောက်လာကြသူများက ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၁

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီ မိနစ် ၃၀ တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV- Entertainment၊ MRTV-Parliament၊ MRTV-NRC၊ မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသည့် MWD-HD Channel၊ MWD Variety-HD Channel တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

သတင်းစဉ်

## ASEAN-COCI နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် အောက်တိုဘာ ၁၁

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ(ASEAN-COCI)တည်ထောင်ခြင်း နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ပြိုင်ပွဲဝင်များအနေဖြင့် ယှဉ်ပြိုင်မည့်ဓာတ်ပုံများကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၉ ရက်နောက်ဆုံးထား၍ https://forms.gle/TWtjdqk81vqAGVbc7 မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲနှင့်ပတ်သက်သည့် သတ်မှတ်ချက်များကို https://asean.org/call-for-submissions-asean-coci-2025-jubilee-photo-competition-2 တွင် အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား အမေရိကန်ဒေါ်လာ ပထမဆု ၁၀၀၀၊ ဒုတိယဆု ၇၅၀ နှင့် တတိယဆု ၂၅၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၇၇ ရက်

သာ လိုတော့သည်။

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု မဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည် ပါဝင်ခြင်း မရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ(၄-က)ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည် ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၁၂၆၈
(၂) ၀၅၂- ၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၉
(၂) ၀၆၃-၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
(၁) ၀၉-၄၂၁၇၄၂၄၂၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာ၊ ရုရှားနှင့် ဘယ်လာရုစ် သုံးနိုင်ငံချစ်ကြည်ရေး ရိုးရာတေးဂီတဖျော်ဖြေပွဲ ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧည့်သည်တော်များ မြန်မာ၊ ရုရှားနှင့် ဘယ်လာရုစ် သုံးနိုင်ငံချစ်ကြည်ရေး ရိုးရာတေးဂီတဖျော်ဖြေပွဲအခမ်းအနားတွင် အနုပညာရှင်များ ဖျော်ဖြေတင်ဆက်ကပြမှုကို ကြည့်ရှုအားပေးစဉ်။

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာ၊ ရုရှားနှင့် ဘယ်လာရုစ် သုံးနိုင်ငံ ချစ်ကြည်ရေးရိုးရာ တေးဂီတဖျော်ဖြေပွဲကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသား ကဇာတ်ရုံ၌ ကျင်းပသည်။

အဆိုပါဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy နှင့် တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အနုပညာရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ "ယဉ်ကျေးမှုဖလှယ်မှုမှသည် ချစ်ကြည်ရင်းနှီးမှုများဆီသို့" Video Clip ကို ဖွင့်လှစ်ပြသပြီး ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiy က မိတ်ဆက်စကား ပြောကြားကာ ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေမည့် အနုပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

### တင်ဆက်ကပြ

ဖျော်ဖြေပွဲတွင် ဘယ်လာရုစ် အနုပညာရှင်များက "ရုရှားနှင့် ဘယ်လာရုစ် - သွေးရင်းအစ်ကိုညီရင်းနှမ တေးသီချင်း၊ Belarus and Myanmar တေးသီချင်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ "အရုပ်နဲ့လူ ကကြိုးတူ (သူငယ်တော်အက)" ရုပ်သေး၊ "ခေါင်းလောင်းသံ" တေးသီချင်း၊ "ဘော်ဒကာတစ်ခွက်နဲ့ နှုတ်ဆက်မယ်"တေးသီချင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အဆိုရှင် စောဒယ်နီရယ်က "ပြုံးတုံ့လှယ်" တေးသီချင်း၊ "မျက်ဝန်း"တေးသီချင်း၊ ရုရှားသံရုံးမှ "လယ်ဘယ်ဒူးရှ်ကာ" အက၊ မြဝတီတေးဂီတအဖွဲ့က "မြန်မာ့ရှုခင်း မြန်မာ့စိတ်ရင်း" တေးသီချင်း၊ "ကျူးလစ်ပန်း" တေးသီချင်း၊"တို့ရွာနီ"တေးသီချင်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ခေတ်(ဖ)ခေတ်အက၊"ဩော် တံစဉ် ကျွန်တော်တံစဉ်" တေးသီချင်း၊ "ကာလင်ကာ"အက၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အဆိုရှင် လဝန်းမေက "မြစ်ရေသွင်သွင်" တေးသီချင်း၊"မြန်မာ"တေးသီချင်း၊ "သကြံန်" တေးသီချင်း၊ မြဝတီ တေးဂီတအဖွဲ့က "ပြည်ထောင်စုကြီး ထာဝရတည်တံ့စေသား" တေးသီချင်း၊ ရုရှားသံရုံးမှ "ရီဗာ ရောနေ့ဒ်" တေးသီချင်း၊ "ပုဂံ" တေးသီချင်း၊ "အတူရှိမယ် မြန်မာ" တေးသီချင်း၊ "ကျွန်ုပ်တို့ မြန်မာပြည်" တေးသီချင်း၊ "ကာကျူးရှာ" တေးသီချင်း၊ "အမိမြေ" တေးသီချင်း၊ "ပန်းရောင်စုံ" တေးသီချင်းနှင့် "တောင်းဆုခြွေ" တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကပြကြသည်။

### ဂုဏ်ပြုလက်ဆောင်ပေး

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေးတို့အား ဘယ်လာရုစ်တေးဂီတ အဖွဲ့ခေါင်းဆောင် Mr.Alexander Ostrovskiy က ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲ တက်ရောက်



နေပြည်တော် အောက်တိုဘာ ၁၁

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများ၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဗဟိုကော်မတီ အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အချက် (၁၅) ချက်ကို အချိန်မီဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သဖြင့် အမြန်ဆုံးပြီးစီးရေးအတွက် အချိန်ဇယားများ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန်အများဆုံးဖြစ်သည့်အတွက် လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေးရှင်းလင်းဆွေးနွေးခြင်းဖြစ်သလို ကျန်တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီ ဒေသဆိုင်ရာ ကော်မတီများကိုလည်း လမ်းညွှန်ချက်များကို ထပ်ဆင့်ဖြန့်ဝေ လမ်းညွှန်မှာကြားသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီအနေဖြင့် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ၊ လမ်းညွှန်မှာကြားချက်များနှင့်အညီ အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှု၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည့်အခြေအနေ၊ ဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်သွားမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးသည် စက်မှုဇုန်အရေအတွက်များပြားသဖြင့် စနစ်တကျဖြစ်စေရေးအတွက် စက်မှုဇုန်တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေများပြဋ္ဌာန်းပြီးဖြစ်၍ စက်မှုဇုန်များသည် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ စက်မှုဇုန်တာဝန်ရှိသူများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့က စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းပေးမည့်အခြေအနေ၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချကများနှင့်အညီ လိုက်နာဆောင်ရွက်ရမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သန်လျင်မြို့နယ်ရှိ NPK Motor Co., Ltd နှင့် တောင်ဒဂုံမြို့နယ်ရှိ Super Seven Stars Automotive Co., Ltd တို့မှ SKD စနစ်ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် အောက်တိုဘာ ၁၁

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**တီးခတ်ယှဉ်ပြိုင်**

ယနေ့နံနက်ပိုင်းတွင် **စောင်းအတီးပြိုင်ပွဲကို** နေပြည်တော်ရှိ အမျိုးသားပြတိုက် Mini Theatre ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှတိုင်းသာစွ(ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)" သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဆီးနှင်းပြိုက်ကြ (ကြိုး)" သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။





၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ မယ်ဒလင်အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

ထို့အတူ **ဂီတာအတီးပြိုင်ပွဲကို** အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိဝန်ဇင်းမင်းရာဇာ ခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အိုလျှံညီးလင်း (ယိုးဒယား)" သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက်၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင်** တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စံပယ် (ကာလပေါ်)" သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက်၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သီလာမြေယံ (ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "အိုလျှံညီးလင်း (ယိုးဒယား)" သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂုဏ်မြင့်သူ(ကာလပေါ်) (ပြည်လှဖေ)" သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂုဏ်မြင့်သူ (ကာလပေါ်)(ပြည်လှဖေ)" သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား စောင်းအတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဂီတာအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား ဂီတာအတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

အလားတူ **စန္ဒရားအတီးပြိုင်ပွဲကို** သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာ ခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချောကလျာ (ကာလပေါ်)" သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့် ပညာအဆင့်အမျိုးသမီးပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မနက်ဖြန် (သို့မဟုတ်) ဘယ်သောအခါ (ကာလပေါ်)" သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချောကလျာ (ကာလပေါ်)" သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့ပြင် **အိုးစည်အတီးပြိုင်ပွဲကို** ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ကောင်းမြတ်နှင့် အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်စိုင်းထက်နိုင်နှင့် အဖွဲ့၊ ကယားပြည်နယ်မှ မောင်နိုင်းနိုင်အောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ဇော်နှင့် အဖွဲ့တို့ကလည်းကောင်း၊ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးဇော်ဟိန်းနှင့် အဖွဲ့၊ ရှမ်းပြည်နယ်မှ မောင်ရဲလင်းဦးနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မောင်ထက်အာကာနှင့် အဖွဲ့၊ ဧရာဝတီတိုင်း ဒေသကြီးမှ မောင်မင်းမြတ်စိုးနှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်ခင်မောင်လတ်နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ခန့်ဇေယျာမင်းနှင့် အဖွဲ့၊ ရန်ကုန်တိုင်း ဒေသကြီးမှ ဆိုင်းမင်းထက်(ခ) မြတ်သူအောင်နှင့်အဖွဲ့၊ စာမျက်နှာ ၈ သို့ ✳



အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသား အိုးစည်အတီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား အိုးစည်အတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား စောင်းအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။



အဆင့်မြင့်ပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း)အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။

✻ စာမျက်နှာ ၇ မှ

မကွေးတိုင်း ဒေသကြီးမှ မောင်ဇင်ကိုနိုင်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဖြိုးသူရနှင့်အဖွဲ့တို့ကလည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် **ဒိုးပတ်အတီးပြိုင်ပွဲကို** ဆက်လက်ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ မောင်ဇင်ကိုနိုင်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးဇော်ဟိန်းနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဖြိုးသူရနှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မောင်ရဲလင်းဦးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေလွင်ဖြိုးနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မောင်ထက်အာကာနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်ထက်မိုးအောင်နှင့် အဖွဲ့၊ ကယားပြည်နယ်မှ မောင်ခင်မောင်လတ်နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ခန့်ဇေယျာမင်းနှင့်အဖွဲ့တို့က လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ကောင်းမြတ်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်ဇင်မင်းထွန်းနှင့် အဖွဲ့၊ မန္တလေးတိုင်း ဒေသကြီးမှ မောင်လွင်ဖြိုးသင်းနှင့်အဖွဲ့တို့က လည်းကောင်း တီးလုံးတီးကွက်များ၊ အဆိုအပြောများဖြင့် မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ **မယ်ဒလင်အတီးပြိုင်ပွဲကို** ပုဗ္ဗသီရိခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင်** ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ(ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ(ကြိုး)" သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပွင့်ဦး (ကာလပေါ်)"သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်(ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်(ကြိုး)သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ (ဘွဲ့)"သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲပဋ္ဌမနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တပ်မိသားစုဝင်များ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှု အားပေးကြသည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲယှဉ်ပြိုင်မှုများ ယနေ့အောင်မြင်စွာ ကျင်းပပြီးစီးပြီဖြစ်သည့်အတွက် ပြိုင်ပွဲဝင်ဆုရရှိသူများအား ဆုချီးမြှင့်မည့် အခမ်းအနား၊ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတို့ကို အောက်တိုဘာ ၁၃ ရက်တွင် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသား အိုးစည်အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ ကြည့်ရှုအားပေးကြစဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေး တွဲဖက်အထက်တန်းကျောင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သွားရောက်၍ အဆိုပါကျောင်းရှိ စာသင်ဆောင်ခန်းမ၌ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၃၉ ပါး၊ သီလရှင် အပါး ၅၀၊ ဒေသခံပြည်သူ ၄၉ ဦး၊ စုစုပေါင်း ၂၃၈ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများကို ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၀၃၈)



# ကျောက်မဲမြို့နယ်၌ အသက် (၁၅)နှစ်အောက်ကလေးများ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်၊ နောင်ချိုမြို့နယ် (ယာယီ)ပြည်သူ့ဆေးရုံတွင် ကုသမှုများဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၁

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ကျောက်မဲမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ မကူးစက်ရောဂါနှင့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းနှင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်မဲမြို့တွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် Big Catch-up ၊ Routine Catch-up နည်းလမ်းများဖြင့် အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ၊ အသက် (၁၅) နှစ်အောက် ကလေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး လုပ်ငန်းများ (Special Immunization Activities) စသည်ဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိရန် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာ အောက်တိုဘာ ၁၀ ရက်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ကျောက်မဲမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး အသက် (၁၅) နှစ်အောက် ကျောင်းသား ကျောင်းသူ ၂၀၀ ကို လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးသည်။

အသက် (၁၅) နှစ်အောက်ကလေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေးလုပ်ငန်းများကို ကျောက်မဲမြို့နှင့် နောင်ချိုမြို့နယ်အပါအဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေသော မြို့နယ်အားလုံးတွင် ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ အောက်တိုဘာ ၅ ရက်မှစ၍ ယာယီဆေးရုံဖွင့်လှစ်ကာ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အတွင်းလူနာနှင့်ပြင်ပလူနာများအား လက်ခံကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိပြီး အောက်တိုဘာ ၅ ရက်မှ ၁၀ ရက်အထိ ပြင်ပလူနာ ၆၂၃ ဦးနှင့် အတွင်းလူနာ ၁၄ ဦးကို လိုအပ်သော ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံမှု ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအား အောက်တိုဘာ ၈ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက် အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၂၇၅ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၂၅၂ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့်ဒေသမှကျောင်းသား ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက် ရှိကြောင်း သိရသည်။

အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များနှင့်စာရေးကိရိယာများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက် ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၂၄၃ ဦးနှင့် ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သော လူနာ ၁၅ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းအပြင် ကျောက်မဲမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများထားရှိမှု ရှိ၊ မရှိ စစ်ဆေး



**တောင်တွင်းကြီး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများထားရှိမှု ရှိ၊ မရှိကို အောက်တိုဘာ ၁၀ရက် နံနက်ပိုင်းက ပူးပေါင်းအဖွဲ့မှ လိုက်လံစစ်ဆေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ စစ်ဆေးခဲ့ရာတွင် မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ အဆင်သင့်ပြင်ဆင်ထားရှိရေး၊ မီးသတ်ဆေးဘူး အသုံးပြုမှု၊ မီးသတ်ရေကန်များ ရေအပြည့်ထားရှိရေး၊ စက်သုံးဆီ သိုလှောင်ကန်များ မီးဘေးအန္တရာယ်မဖြစ်ပွားအောင် တည်ဆောက်ထားရှိမှု၊ ဆီအမျိုးအစားပမာဏနှင့် မီးဘေးလုံခြုံရေးပစ္စည်းများ အဆင်သင့်ထားရှိမှု ရှိ၊ မရှိ တို့ကို လိုက်လံစစ်ဆေးခဲ့ကြသည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်နှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့တို့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်များအား လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**



## လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

**ဘီးလင်း အောက်တိုဘာ ၁၁**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၈ရက် နံနက် ၁၁ နာရီတွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဘီးလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ရန်ကုန်-မော်လမြိုင် ကားလမ်း နောင်ရိုးစည်ပင်တိုးဂိတ်၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဘီးလင်းမြို့နယ်၊ သပြေနီကျေးရွာနေ ရှိန်းသူ (၂၆)နှစ် မောင်းနှင်လာသည့် YGN-9/3H---- DAIHATSU HIJET မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရှိန်းသူအား ဘီးလင်းမြို့မရဲစခန်း၌ လည်းကောင်း။

အလားတူ မွန်းလွဲ ၁၂ နာရီ ၃၀ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်၊ ရန်ကုန်-မန္တလေး ကားလမ်းပေါ်၌ အမှတ်(၉၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မိတ္ထီလာမြို့နယ်၊ ကျီတော်ကုန်းရပ်ကွက်နေ ကျော်စွာအောင်(၃၄)နှစ် မောင်းနှင်လာသည့် BGO-14/1M--- HONDA FIT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကျော်စွာအောင်အား မိတ္ထီလာမြို့နယ်၊ အမှတ်(၂)နယ်မြေရဲစခန်း၌လည်းကောင်း ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ခရီးသည်တင်မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိုက်မှုဖြစ်ပွားပြီး နှစ်ဦးသေဆုံး၊ ၁၃ ဦး ထိခိုက်ဒဏ်ရာရ



**နေပြည်တော် အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ခရီးသည်တင်မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ၄င်းအရှေ့မှ မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် နှစ်ဦး သေဆုံးကာ ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၈ ရက် နံနက် ၄ နာရီ ၅၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၈၅ မိုင် ၁ ဖာလုံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်နေ ---- မောင်းနှင်ပြီး ခရီးသည် ၄၅ ဦး လိုက်ပါလာသည့် ခရီးသည် မော်တော်ယာဉ်သည် မန္တလေးမှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ ၄င်းအရှေ့မှ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်နေ -----မောင်းနှင်လာသည့် LIGHT TRUCK မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် LIGHT TRUCK မော်တော်ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် အမျိုးသားနှစ်ဦး သေဆုံးကာ ကလေးငယ် သုံးဦးအပါအဝင် အမျိုးသား ငါးဦးနှင့် အမျိုးသမီး ရှစ်ဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ---- အား မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်က လယ်ဝေးမြို့နယ်အတွင်း တရားမဝင် ကျွန်းသစ် ၀ ဒသမ ၂၇၁ တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၇ ရက်တွင် ရွှေဘိုမြို့နယ် အမှတ်(၁၀) ရပ်ကွက်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ငါးစီးကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊တကောင်းရပ်ကွက် ရတနာပုံတံတားပူပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မှုံ့အိုး ငါးလုံးအပါအဝင် ဆက်စပ်ပစ္စည်း နှစ်မျိုးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**သံဖြူဇရပ် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်၊ ကလောမြို့နယ်နှင့် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်တို့၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ အောက်တိုဘာ ၈ ရက် မွန်းလွဲ ၃နာရီတွင် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ မြို့ဟောင်းရပ်ကွက်နေ ဖြိုးကိုကို(၄၀)နှစ်၏နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ အောင်ပန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအားနေအိမ်ဧည့်ခန်းအတွင်း နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဖြိုးကိုကိုအား အောင်ပန်းနယ်မြေရဲစခန်း၌ လည်းကောင်း၊ အလားတူ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကရင်သောင်ကျေးရွာနေ နှင်းစုဝေ(၃၅)နှစ်ဆိုသူ၏ နေအိမ်ဈေးဆိုင်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၄င်း၏နေအိမ်ဈေးဆိုင်အတွင်း နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် နှင်းစုဝေအား ကျိုက္ခမီနယ်မြေရဲစခန်း၌လည်းကောင်း လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# နိုင်ငံတကာ အားကစား သတင်းများ

## ရာယန်၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၃၀အဖြစ် ဗက်စ်ကိုဒဂါးမားအသင်း သတ်မှတ်

**လန်ဒန် အောက်တိုဘာ ၁၁**

ဗက်စ်ကိုဒဂါးမားအသင်းသည် အသင်း လူငယ်ကြယ်ပွင့် တိုက်စစ်မှူး ရာယန်၏ ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၃၀ သတ်မှတ်လိုက်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများ ဖြစ်သည့် စပါး၊ အေဗီလာ၊ ချဲလ်ဆီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ရာယန်သည် ဗက်စ်ကိုဒဂါးမားအသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၈၃ပွဲကစားပြီး ၁၅ဂိုးထိ သွင်းယူထားသည်။

ဗက်စ်ကိုဒဂါးမားအသင်းကလည်း ၎င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် စပါး၊ အေဗီလာ၊ ချဲလ်ဆီးအသင်းတို့အနေဖြင့် မည်သည့်အသင်းက ရာယန်အား ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**





## ဂျာမနီအသင်းက လူဇင်ဘတ်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၁၀**

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဂျာမနီအသင်းနှင့် လူဇင်ဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက လူဇင်ဘတ်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာမနီအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၁၂မိနစ်တွင် ဒေးဗစ်ရမ်၊ ပွဲချိန် ၂၁မိနစ်နှင့် ပွဲချိန် မိနစ် ၅၀တွင် ဂျိုရှုအာကင်မစ်ချ်၊ ပွဲချိန် ၄၈မိနစ်တွင် ဂါဘရီတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဂျာမနီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၄ရက်တွင် မြောက်အိုင်ယာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## စက်တင်ဘာလအတွက် ဘွန်ဒက်လီဂါအကောင်းဆုံး ကစားသမားဆုကို ဟယ်ရီကိန်း ဆွတ်ခူး

**မြူးနစ် အောက်တိုဘာ ၁၁**

ဘွန်ဒက်လီဂါမှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် စက်တင်ဘာလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းက ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် စက်တင်ဘာလအတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်လီဂါပွဲစဉ် သုံးပွဲကစားပြီး ခုနစ်ဂိုးသွင်းယူကာ ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၁၀ပွဲကစားကာ ၁၈ဂိုးထိ သွင်းယူထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "ကျွန်တော် အခုလို တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## ဘာပေ ခြေချင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရမည်

**ပါရီ အောက်တိုဘာ ၁၁**

ပြင်သစ်လက်ရွေးစင်အသင်း တိုက်စစ်မှူးဘာပေ ခြေချင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် ပြင်သစ်လက်ရွေးစင်အသင်းက အဇာဘိုင်ဂျန်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဘာပေ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ပြင်သစ်လက်ရွေးစင်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဘာပေသည် ပြင်သစ်လက်ရွေးစင် အသင်းနှင့်အတူ ၂၀၁၇မှ ၂၀၂၅ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၉၃ပွဲ ကစားကာ ၅၃ဂိုးထိ သွင်းယူထားသည်။ **(ယာပုံ) (NGB)**



## မန်ယူအသင်းတွင်သာ ပျော်ရွှင်လျက်ရှိဟု ဘရူနိုဖာနန်ဒက်စ် ပြောကြား

**လန်ဒန် အောက်တိုဘာ ၁၁**

မန်ယူအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ပျော်ရွှင်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၇ပွဲကစားပြီး ဂိုးပေါင်း ၁၀၀ ထိ သွင်းယူထားသည်။



အသက်(၃၁)နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်စ်က "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီ အသင်းမှာပဲ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်"ဟု ပြောသည်။ **(ဝဲပုံ) (NGB)**



## 2025 Swiss Indoors Basel တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၂၀ရက်တွင် စတင်မည်

**လန်ဒန် အောက်တိုဘာ ၁၁**

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲ 2025 Swiss Indoors Basel တင်းနစ်ပြိုင်ပွဲကို လာမည့်အောက်တိုဘာ ၂၀ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Swiss Indoors Basel တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၀ရက်မှ ၂၇ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Swiss Indoors Basel တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Swiss Indoors Basel တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ပြင်သစ်တင်းနစ်ကစားသမား Giovanni Mpetshi Perricard ဖြစ်သည်။**(အပေါ်ဝဲပုံ) (NGB)**

## ဘာနာဒိုဆေးလ်ဗားအား ခေါ်ယူရန် ဂျူဗင်တပ်နှင့် အေစီမီလန်တို့ အပြိုင်စိတ်ဝင်စား

**တူရင် အောက်တိုဘာ ၁၁**

စီးရီးအေ ကလပ်အသင်းများဖြစ်သည့် ဂျူဗင်တပ်နှင့် အေစီမီလန်အသင်းတို့သည် မန်စီးတီးအသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် ကွင်းလယ်တိုက်စစ်ကစားသမား ဘာနာဒိုဆေးလ်ဗားအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၁၆ ပွဲကစားပြီး ၇၃ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စီးရီးအေကလပ်အသင်းများက ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဘာနာဒိုဆေးလ်ဗားကိုယ်တိုင်ကလည်းမန်စီးတီးအသင်းမှ လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ထွက်ခွာဖွယ်ရှိသည်။

ထို့ကြောင့် ဂျူဗင်တပ်နှင့် အေစီမီလန်အသင်းတို့အနေဖြင့် မည်သည့်အသင်းက ဘာနာဒိုဆေးလ်ဗားအား ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။**(ယာပုံ) (NGB)**



### နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၂-၁၀-၂၀၂၅ တနင်္ဂနွေနေ့ | ည ၁၁း၃၀နာရီ | မော်လ်တာ - ဘော့စနီးယား |

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲ-အုပ်စုအဆင့် ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၁၂-၁၀-၂၀၂၅ တနင်္ဂနွေနေ့ | ည ၇း၃၀နာရီ | H | ဆန်မာရီနို - ဆိုက်ပရပ်စ် | ဆိုက်ပရပ်စ် ၂-၀ ဆန်မာရီနို |
| ,, | ည ၁၀း၃၀နာရီ | L | ဖာရိုးကျွန်းစုများ - ချက် | ချက် ၂-၁ ဖာရိုးကျွန်းစုများ |
| ,, | ,, | G | နယ်သာလန် - ဖင်လန် | ဖင်လန် ၀-၂ နယ်သာလန် |
| ,, | ,, | C | စကော့တလန် - ဘီလာရုစ် | ဘီလာရုစ် ၀-၂ စကော့တလန် |
| ၁၃-၁၀-၂၀၂၅ တနင်္လာနေ့ | နံနက် ၀၁း၁၅နာရီ | L | ခရိုအေးရှား - ဂျီဘရော်လ်တာ | ဂျီဘရော်လ်တာ ၀-၇ ခရိုအေးရှား |
| ,, | ,, | C | ဒိန်းမတ် - ဂရိ | ဂရိ ၀-၃ ဒိန်းမတ် |
| ,, | ,, | G | လစ်သူယေးနီးယား - ပိုလန် | ပိုလန် ၁-၀ လစ်သူယေးနီးယား |
| ,, | ,, | H | ရိုမေးနီးယား - ဩစတြီးယား | ဩစတြီးယား ၂-၁ ရိုမေးနီးယား |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပဉ္စမအကြိမ် လူဦးရေစာရင်းနှင့် ပထမအကြိမ်ကပ်ထားသည့် မဲဆန္ဒရှင်စာရင်းတို့အား တိုက်ဆိုင်စစ်ဆေးနေမှုများကို လိုက်လံကြည့်ရှု





**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့တို့မှ ဝန်ထမ်းများပူးပေါင်း၍ ပဉ္စမအကြိမ် လူဦးရေစာရင်းနှင့် ပထမအကြိမ် ကပ်ထားသည့် မဲဆန္ဒရှင်စာရင်းတို့အား တိုက်ဆိုင်စစ်ဆေးနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် ချမ်းအေးသာစံမြို့နယ်ရှိ ကဥ္စနမဟီ ရပ်ကွက်ရုံး၊ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၃၄) အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ နှင်းဆီခြံ ကိုးခန်းမမွှာရုံများသို့ ရောက်ရှိပြီး မဲဆန္ဒရှင်များမှ မဲစာရင်းတွင် ပါရှိမှု ရှိ၊ မရှိ ကြည့်ရှုနေမှုများ၊ မဲစာရင်းတွင် အမည်မပါသူများမှ ပုံစံ(၃)ဖြင့် တောင်းဆိုမှုများအား ပုံစံ(၃) လျှောက်လွှာထုတ်ပေး၍ ကူညီဆောင်ရွက်ပေးခြင်း၊ မဲစာရင်းတွင် အချက်အလက်များ ပြင်ဆင်လိုပါက ပုံစံ(၄-ဂ) ထုတ်ပေး၍ ပြင်ဆင်ဆောင်ရွက်ပေးခြင်း၊ သေဆုံးသူများနှင့် သာသနာ့ဝန်ထမ်းများ မပါသင့် မပါထိုက်သူများ ပါဝင်နေပါက ပုံစံ(၄) ထုတ်ပေး၍ ကန့်ကွက်ခြင်း စသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာချက်များနှင့်အညီ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယနေ့အထိ မန္တလေးခရိုင်အတွင်း မဲစာရင်းလာရောက်ကြည့်ရှုသူဦးရေ ၁၅၄၃၁၆ ဦး၊ ပုံစံ(၃)ဖြင့် တောင်းဆိုသူ ၈၁၅၃ ဦး၊ ပုံစံ(၄)ဖြင့် ကန့်ကွက်သူဦးရေ ၁၁၃၁ ဦး၊ ပုံစံ(၄-ဂ)ဖြင့် တောင်းဆိုပြင်ဆင်သူ ၂၆၁ ဦး၊ ပုံစံ(၃-က)ဖြင့် လျှောက်ထားသူဦးရေ ၁၂၉၃ ဦးရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာ့မီးရထား(မန္တလေးဘူတာ) အနောက်ဘက်ခြမ်း ၇၉ လမ်းမကြီး၊ ၃၁လမ်းမှ ၃၄လမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုအခြေအနေတို့အား ကွင်းဆင်းစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာ့မီးရထား(မန္တလေးဘူတာ) အနောက်ဘက်ခြမ်း ၇၉ လမ်း၊ ၃၁လမ်းမှ ၃၄လမ်း တစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုနေရာသည် မန္တလေးမြို့ Down Town ဧရိယာဖြစ်ပြီး မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ ပြည်သူများစိတ်ချမ်းမြေ့စွာ သွားလာရေးနှင့် အမြင်တင့်တယ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး အစဉ်အမြဲဖြစ်စေရန် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်စုပုံခြင်းများ မရှိစေရန် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြေယာရှုခင်းအလှပန်းပင်များ စိုက်ပျိုးသွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လူအင်အားနှင့် စက်ယန္တရားအင်အားတို့ဖြင့် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းနေမှု၊ နုန်းစာများဆယ်ယူနေမှုတို့ကို လိုက်လံကြည့်ရှုခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှု၊ အဝင်လမ်းခင်းကျင်းပြီးစီးမှုနှင့် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**





## ဆရာအတတ်သင်ပညာဦးစီးဌာန ပညာရေးဒီဂရီကောလိပ်ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၁**

ဆရာအတတ်သင်ပညာဦးစီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲမန္တလေး ဇုန်(၁) အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု ပွဲစဉ်ပြိုင်ပွဲများကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဗထူးအားကစားပြိုင်ကွင်းတွင် ကျင်းပလျက်ရှိပြီး အုပ်စု(က)ပွဲစဉ်ကို ယမန်နေ့က စစ်ကိုင်းပညာရေးဒီဂရီကောလိပ်အသင်း၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်း၊ ပခုက္ကူပညာရေးဒီဂရီကောလိပ်အသင်းနှင့်မန္တလေးပညာရေးဒီဂရီကောလိပ်အသင်း၊ အုပ်စု(ခ)တွင် တောင်ကြီးပညာရေးဒီဂရီကောလိပ်အသင်း၊ မကွေးပညာရေးဒီဂရီကောလိပ်နှင့် မုံရွာပညာရေးဒီဂရီကောလိပ်အသင်းတို့ သတ်မှတ်အုပ်စုတို့တွင် အသီးသီးပါဝင် ယှဉ်ပြိုင်လျက်ရှိကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ပထမပွဲစဉ်ကို မန္တလေး EDC အသင်းနှင့် စစ်ကိုင်းEDCအသင်းတို့ ယှဉ်ပြိုင်ကြရာ မန္တလေးEDC အသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားပြီး ညနေပိုင်း ဒုတိယပွဲတွင် မိတ္ထီလာEDC အသင်းက ပခုက္ကူ EDC အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၀)





## အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲ ကျင်းပ

**ဆီဆိုင် အောက်တိုဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ဆိုက်ခေါင်)တွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်စံပြကျေးရွာရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဆိုက်ခေါင်) ကျောင်းအုပ် ဒေါ်ခင်စန်းဝင်းက သင်တန်းဖွင့်လှစ်မှုမှတ်တမ်းအား ရှင်းလင်းခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးက ထူးချွန်ဆုရရှိသည့် သင်တန်းသူတစ်ဦးကို လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက သင်တန်းတက်ရောက် အောင်မြင်ခဲ့ကြသည့် သင်တန်းသူများကို သင်တန်းဆင်းအောင်လက်မှတ်များအား ပေးအပ်ချီးမြှင့်ခဲ့ကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းကျောင်းမှ ခင်းကျင်းပြသထားသော သင်တန်းသူများ၏ ခေတ်မီဒီဇိုင်းလက်ရာများကို ကြည့်ရှုခဲ့ကြပြီး သင်တန်းသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

## သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲစစ်လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်

**မြစ်သား အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းတို့ကို ရွှေသူဌေးရပ်ကွက်တွင် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်းကာ ခြင်အလွယ်တကူပေါက်ပွားနိုင်သည့် သောက်သုံးရေကန်များ၊ ရေအိုးများ၊ ဘုရားပန်းအိုးများ၊ ကားတာယာများ၊ အိုးခွက်များစသည့် ခြင်ခိုအောင်းနိုင်သည့် နေရာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရန်အတွက် ခြင်ဖြစ်စေတဲ့ ပိုးလောက်လန်းတွေ မပေါက်ပွားအောင် ရွှေသူဌေးရပ်ကွက်အတွင်းရှိ အိမ်ခြေ(၇၀)အိမ်အတွက် ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## ကျောက်ဆည်မြို့၌ တက္ကသိုလ်များရှိ ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမတွင် တက္ကသိုလ်များရှိ ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

ကျောက်ဆည် ခရိုင်ပညာရေးမှူး ဒေါက်တာ ဥမ္မာကြည်က Grade-12 အောင်မြင်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အဆင့်မြင့် တက္ကသိုလ်များတွင် ဆက်လက်ပညာသင်ယူရာ၌ မိမိတို့ ရွေးချယ်လိုသည့် ဘာသာရပ်များ ရွေးချယ်နိုင်ရေး ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ကျောက်ဆည်တက္ကသိုလ်မှ ဌာနအသီးသီးရှိ ပါမောက္ခ (ဌာနမှူး)များဖြစ်ကြသည့်ဒေါက်တာနီလာကြည်က မြန်မာစာဘာသာရပ်၊ ဒေါက်တာချယ်ရီဦးက အင်္ဂလိပ်စာဘာသာရပ်၊ ဒေါက်တာခင်လှကြည်က သင်္ချာဘာသာရပ်၊ ဒေါက်တာကေသီမြင့်သူက ဓာတုဗေဒဘာသာရပ်၊ ဒေါက်တာသန်းသန်းဆွေက ရူပဗေဒဘာသာရပ်၊ ဒေါက်တာ လှဲ့လှဲ့ထွန်းက သတ္တဗေဒဘာသာရပ်၊ ဒေါက်တာ ပြုံးရီက ရုက္ခဗေဒဘာသာရပ်၊ ဒေါက်တာ သက်ခိုင်က ပထဝီဘာသာရပ်၊ ဒေါက်တာခိုင်ခိုင်မွန်က ဘူမိဗေဒဘာသာရပ်၊ ဒေါက်တာမြင့်မြင့်ဌေးက သမိုင်းဘာသာရပ်၊ ဒေါက်တာ မျိုးသန္တာကျော်က ဥပဒေဘာသာရပ်၊ ဒေါက်တာပပအောင်က အရှေ့တိုင်းပညာ၊ ဒေါက်တာအိစာခြည်ဝင်းက ဒသနိကဗေဒဘာသာရပ် စသည့်ဘာသာရပ်များ အကြောင်း မိတ်ဆက်ရှင်းလင်းခဲ့သည်။

မိတ်ဆက်ပွဲသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)များရှိ Grade-12 တန်း တက်ရောက်ပညာသင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၆၁၅ ဦးနှင့် ဘာသာရပ်ဆွေးနွေးပွဲ ကြီးကြပ်ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၈၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား စစ်ဆေး

**မြစ်သား အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျောက်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ယာပုံ)**

ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကျောက်ကုန်းကျေးရွာ၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာတွင်းလမ်း အရှည် ၆၇၈ ပေအား လမ်းအကျယ် ၁၂ ပေ ၊ လမ်းအမြင့် ထု ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေကို အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူ၍ အောက်တိုဘာ ၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# ပန်းချီဆရာမကြီးတစ်ဦး၏ ပန်းစကြာမှန်ပြောင်း(သို့မဟုတ်)စကားလုံးပန်းချီရသစာစုများ

(၁၂-၇-၂၀၂၅)ရက်တွင် ဖွင့်လှစ်ခဲ့သော 'ဘဝအသိ'စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား၌ ဆရာမကြီးခင်ဆွေလှိုင်(ပန်းချီ)နှင့် တွေ့ဆုံဖြစ်သည်။ 'ဘဝအသိ'စာကြည့်တိုက်မှာ ပုသိမ်ကြီးမြို့အဝင် မိုင်ကုန်းရွာတွင် ဆရာမကြီး အေးအေးနိုင်(ပညာရေး)၏ မ,တည်မှုဖြင့် ဖွင့်လှစ်ခဲ့သော စာကြည့်တိုက်အသစ်ဖြစ်သည်။

ထိုစာကြည့်တိုက်ဖွင့်ပွဲမှာပဲ ဆရာမကြီးခင်ဆွေလှိုင်(ပန်းချီ)က သူရေးသားပြီးသော စာစုများကို စုစည်းပြီး စာအုပ်ကလေးတစ်အုပ် ထုတ်ဝေမည်ဖြစ်ရာ ကျွန်တော့်အား စာအုပ်နှင့်ပတ်သက်သည့် ခံစားမှုအမြင်(သို့မဟုတ်)အမှာစာ ရေးပေးဖို့ တောင်းဆိုလာသည်။

ကျွန်တော်က ဆရာမကြီးအား 'ဘာအကြောင်းတွေ ရေထားသည့်စာအုပ်ထုတ်မှာလဲ' ဟုမေးကြည့်သောအခါ ဆရာမကြီးက 'အစုံပဲ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ဖော်ပြပြီးဆောင်းပါးတွေပါ'ဟု ပြန်ဖြေသည်။

ထိုနေ့က ဆရာမကြီးခင်ဆွေလှိုင်သည် သူထုတ်ဝေမည့် ဆောင်းပါးအပုဒ် ၂၀ခန့်ကို ကျွန်တော့်အား ထည့်ပေးလိုက်ပါသည်။ အမှန်အတိုင်းဆိုရလျှင် ထိုဆောင်းပါးများကို ချက်ချင်းမဖတ်ဖြစ်ဘဲ ကျွန်တော့်ထံ တစ်လကြာမျှ သောင်တင်သွားသည်။

ကျွန်တော့်မှာ သတင်းစာတိုက်မှ အယ်ဒီတာဘဝဖြင့် အငြိမ်းစားပင်စင်ယူပြီးခါစဖြစ်သော်လည်း သတင်းစာတိုက်တွင် အလုပ်လုပ်စဉ်ကထက် မအားလပ်ရအောင် ပို၍ အလုပ်ရှုပ်နေပါသည်။ မန္တလေးတက္ကသိုလ် ရာပြည့်ပွဲအထိမ်းအမှတ်မဂ္ဂဇင်းများသို့ အချိန်မီ စာမူများရေးသားရခြင်း၊ သူငယ်ချင်းနှင့်စုပေါင်း၍ 'အညာတမာ ၁၀၀ ရသစာစုများ' အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် ဆောင်ရွက်ရခြင်း၊ သမီးအား ကွန်ပျူတာသင်တန်းကျောင်းသို့ အပို့အကြို ပို့ပေးရခြင်းတို့ဖြင့် အလုပ်များနေသည်။

ဆရာမကြီးခင်ဆွေလှိုင်ထံမှ ဖုန်းဖြင့် စာအုပ်အတွက် အမှာစာရေးလို့ပြီးပြီလားဟု လှမ်း၍မေးသောအခါ ကျွန်တော့်မှာ အားနာစွာဖြင့် ခဏစောင့်ပေးပါဦးဟု မေတ္တာရပ်ခံကာ စာမူပေးရမည့်ရက်ကို နောက်ဆုတ်ရွှေ့ဆိုင်းခဲ့ရသည်။

ဆရာမကြီးခင်ဆွေလှိုင်ကလည်း စိတ်ရှည်စွာဖြင့် ကျွန်တော်၏ခံစားမှု အမြင်အမှာစာကို နှစ်လကျော်ကြာသည်အထိ စောင့်ပေးရှာသည်။ စာအုပ်ထွက်မည့်စာမူများ ဖတ်ကြည့်လိုက်သောအခါ စာစုများအားလုံးနီးပါး ကျွန်တော်ဖတ်ပြီးသားများဖြစ်နေပြီး မန္တလေးနေ့စဉ်သတင်းစာတွင် ဖော်ပြပါရှိခဲ့သည့် စာမူများဖြစ်သည်။

ယင်းစာမူများဖတ်ရှုခဲ့ဖူးစဉ်က စာမျက်နှာပေါ်ပုံနှိပ်စာလုံးအဖြစ် မရောက်ခင် လက်ရေးမူစာမူများဖြစ်ပြီး အယ်ဒီတာမျက်စိဖြင့် ဖတ်ရှုရသောကြောင့် စာမူတစ်ပုဒ်၏ အရည်အသွေးကို အကဲဖြတ်ရာတွင် ပေါ်လစီငြိ၊ မငြိ၊ စာဖတ်သူအတွက် အကျိုးရှိ၊ မရှိတို့ကို အဓိကအရေးထားပြီး ရွေးချယ်ဖတ်ရှုရသောကြောင့် ထိုစဉ်က စာမူဖတ်ရှုရသော အသိသည် နှလုံးသားခံစားချက်ထက် ဦးနှောက်ဖြင့် ဖတ်ရှုခဲ့ရလေသည်။

ယခုအခါ ဆရာမကြီးခင်ဆွေလှိုင်၏ စာမူများကို ပြန်လည်ဖတ်ရှုဖြစ်သောအခါ အယ်ဒီတာမျက်စိဖြင့် မကြည့်ဘဲ နှလုံးသားမျက်စိဖြင့် ကြည့်ရှုခံစားဖတ်ရသည်။ သေချာဂဃနဏဖတ်သောအခါမှ စာရေးသူဆရာမကြီး၏ စေတနာအလှတရားနှင့် စာနာမှုနှလုံးသားကို ထွင်းဖောက်ကြည့်မိတော့၏။

ဆရာမကြီးပြောသလို သူ၏စာမူများ 'အစုံ' ဖြစ်နေသည်။ ပွဲဈေးတန်းမှ ရောင်စုံပန်းစကြာမှန်ပြောင်းကြည့်ရသလို အရောင်အသွေးစုံလင်လှသည်။ ပန်းချီဆရာမဖြစ်သည့်အတွက် ပန်းချီဆရာကြီး၊ ဆရာမကြီးတွေအကြောင်းကို ခရေစေ့တွင်းကျဖော်ပြထားသည်။

ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်၏ ထင်ရှားကျော်ကြားသော ပန်းချီလက်ရာစာအုပ်အလှူပွဲ၊ မြန်မာ့ပုလင်းပန်းချီ ဖန်ဆင်းရှင်များ၊ မြန်မာပြည်၏ ပထမမျိုးဆက် ပန်းချီဆရာမကြီး ဒေါ်မြင့်မြင့်တင်၏ အလှူဒါန ဆောင်းပါးတို့မှာ ပန်းချီဆရာကြီး၊ ဆရာမကြီးတို့အကြောင်းနှင့် ပန်းချီကားခံစားမှုတို့ကို သိမြင်ဖတ်ရှုရမည်ဖြစ်သည်။

ပန်းချီဆရာကြီး၊ ဆရာမကြီးတို့အပြင် မြန်မာစာဆရာကြီး၊ ကာတွန်းဆရာကြီး၊ သတင်းစာဆရာကြီးနှင့် ပုံပြင်ပြောသောစာရေးဆရာကြီးတို့အကြောင်းကိုလည်း အသေးစိတ်ခြယ်မှုန်းတင်ပြထားသည်။

ကျွန်မ၏ဆရာ ဂုဏ်ထူးဦးသိန်းနိုင်၊ ကာတွန်းဝင်းဖေ၏ စေတနာ၊ ကာတွန်းတွတ်တွတ်၏ တစ်ကိုယ်တော် ကာတွန်းပြပွဲ၊ တစ်သက်တာ သတင်းစာဆရာဆုရှင် မောင်သစ်လွင်(လူထု)သို့ စာပန်းချီတို့ဖြင့် ဂါရဝပြုပူဇော်ခြင်း၊ ပြည်သူလူထုချစ်သော ပုံပြောဆရာကြီး လူထုဦးလှ ဆောင်းပါးတို့ ဖြစ်သည်။

ဆောင်းပါးအများစုမှာ ရုပ်ပုံလွှာအဖွဲ့အနွဲ့များဖြစ်နေသည်ကို သတိထားမိပြီး မိခင်များ၏ နှလုံးသား၊ ချစ်သူငယ်ချင်းများသို့ လွမ်းချင်း၊ ကမ္ဘာ့ရုပ်သေးပွဲတော်၊ လက်ခုပ်သံများကြားက မြန်မာ့ရုပ်သေးဘုရင်မ၊ စန္ဒာသခင်သို့ လွမ်းချင်းဆောင်းပါးများမှာလည်း ရုပ်ပုံလွှာအဖွဲ့အနွဲ့ဆောင်းပါးများအဖြစ် ဖတ်ရှုရလေသည်။

စာရေးသူအမေ၏ မေတ္တာစွမ်းအားကြီးမားပုံ၊ စည်းကမ်းစနစ်ကြီးပုံနှင့် အိမ်မှုကိစ္စအားလုံး လည်ပတ်အောင် အလုပ်လုပ်နိုင်သော အမေ့ရုပ်ပုံလွှာ ပုံတူပန်းချီကားမှာ သက်ဝင်ပီပြင်လှသည်။ ချစ်သူငယ်ချင်းလေးယောက်၏ ရုပ်ပုံလွှာမှာလည်း ငိုအတူ၊ ရယ်အတူ၊ အေးအတူ၊ ပူအမျှ စိတ်တူကိုယ်တူ နေထိုင်ကြသော မြင်ကွင်းမှာ မြူးကြွသွက်လက်စွာ ဖတ်ရှုခံစားရသည်။

ထို့အတူ မြန်မာ့ရုပ်သေးဘုရင်မဟု တင်စားခေါ်ဝေါ်ထားသည့် ဆရာမဒေါ်မမနိုင်(ရုပ်သေး) အကြောင်းမှာလည်း ကမ္ဘာ့အလယ်မှာ တင့်တယ်စေသည့် ရုပ်သေးပညာ ဖော်ထုတ်သူအဖြစ် စာဖတ်သူကို မိတ်ဆက်ပေးထားသည်။ ရုပ်ရှင်သရုပ်ဆောင် ဝင်းဦးအကြောင်း ရေးဖွဲ့ထားသည့် 'စန္ဒာသခင်သို့ လွမ်းချင်း'စာစုမှာ ရင်ခုန်စိတ်လှုပ်ရှားဖို့ကောင်းသည်။ ယင်းဆောင်းပါးထဲမှ စာတစ်ပိုဒ်ကို ဖတ်ကြည့်စေချင်သည်။

'ကဗျာဆရာမကြီးငွေတာရီ၏ ပုံတူက အချိုးကျလှပနေပြီး ဦးဝင်းဦးပုံတူက (ပုံမတူပန်းချီကား) ဖြစ်နေသော်လည်း သူဖန်တီးသမျှ ရုပ်ရှင်၊ ဂီတ၊ စာပေများကို လေးစားမြတ်နိုးတန်ဖိုးထားသည့် မေတ္တာစိတ်ဖြင့် ရေးဆွဲထားသူ သူ့ပရိသတ်ပန်းချီချာတိတ်လေး ကျွန်မကို နားလည်ခွင့်လွှတ်ပေးဟန်တူပါသည်။ ကျွန်မပန်းချီကားကို ကိုင်ထားသည့် ဦးဝင်းဦးလက်မှ တစ်လုံးတည်းသော စိန်ပြာ လက်စွပ်ကလေးတဖိတ်ဖိတ် တလက်လက်ဖြင့် ကျွန်မကို လှောင်နေသလားမသိ၊ အနုပညာရှင် ဦးဝင်းဦးက ထိုစိန်လေးထက် ပိုမိုတောက်ပသော အပြုံးချိုမြမြဖြင့် သူ၏စန္ဒာမဂ္ဂဇင်းသို့ ပန်းချီသရုပ်ဖော်ပုံများ ပေးပို့နိုင်ကြောင်း ချီးမြှင့်စကားပြောကြားသဖြင့် အထူးပင် ကျေးဇူးတင်မိသည်။'

(စန္ဒာသခင်သို့ လွမ်းချင်းမှ-)

ရုပ်ပုံလွှာအဖွဲ့အနွဲ့ထဲမှ တစ်မူထူးခြားစွာ ခွဲထွက်လာသော စာတစ်ပုဒ်မှာ 'တီစကွဲယားလေးရဲ့ အလွမ်း' စာစုဖြစ်သည်။ ဆောင်းပါးဟန်ထက် အက်ဆေးဝတ္ထုဟန်ဘက်ကဲသော သမီးဖြစ်သူ၏ တကယ့်အဖြစ်အပျက် အတွေ့အကြုံကို ရေးဖွဲ့ထားသည်။

ဘုရားဖူးခရီးသွားဆောင်းပါးများအဖြစ် အံ့ဖွယ်ကျော်ဟိုး ကျိုက်ထီးရိုး၊ စလေမြို့(သို့မဟုတ်)စာဆိုတော် ဦးပုညမြို့တော်၊ ကျောင်းတော်ရာ ဆောင်းပါးတို့ကို ဖတ်ရှုရမည်ဖြစ်သည်။

နေရာအလှူ၊ မြကျောက်ကမ္ဘာ့အဆင့်မြင့် သဘာဝရေသန့်၊ ဝိညာဉ်မဲ့မြတ်ဆရာပူဇော်ပွဲမှာ ဆောင်းပါးတို့မှာ ဘာသာရေး၊ ကုသိုလ်ရေးရနံ့များဖြင့် မွှေးကြိုင်နေသော ဆောင်းပါးများအဖြစ် တွေ့မြင်ရသည်။ ထိုဆောင်းပါးများတွင် ဂမ္ဘီရဆန်သော ထူးဆန်းဖွယ်အဖြစ်အပျက်များကိုလည်း အမိအရ မှတ်တမ်းတင်ထားသည်။

မြကျောက်စေတီတော်ကြီး၏ ပရိဝုဏ်အတွင်းမှ တူးဖော်ရရှိသော ရေမှာ ရိုးရိုးရေမဟုတ်ဘဲ သဘာဝသောက်ရေသန့်အဖြစ် ရရှိသည်မှာ အံ့သြဖို့ကောင်းလှသည်။

'တက္ကသိုလ်ကလောင်ရှင်များအသင်းမဂ္ဂဇင်း အယ်ဒီတာ၊ တရားလွှတ်တော်ရှေ့နေ၊ ကဗျာဆရာ၊ စာရေးဆရာတက္ကသိုလ် မောင်ထွန်းဝေ၏ သက်မဲ့ခန္ဓာကို ဆရာကြီးရဲ့ ဆန္ဒအတိုင်း ဆေးတက္ကသိုလ်ခန္ဓာဗေဒဌာနသို့ ပေးပို့လှူဒါန်းပြီးအပြန်မှာ ရက်လည်ဆွမ်းအတွက် အလှူငွေလေးထည့်ဝင်လှူဒါန်းပေးဖို့ ဆရာကြီးဝတ်စုံ လွှမ်းထားရာ ဘုရားခန်းထဲမှာ ဆရာကြီးဇနီးအား ပေးအပ်ပြောကြားနေစဉ် ဆရာကြီးနေ့တိုင်းဖွင့်ကာ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားတော်တွေ နာကြားနေကြ အပြာရောင် MP-3 ရေဒီယိုငယ်လေးက မည်သူမျှမဖွင့်ပါဘဲ ရုတ်တရက် စက်သံတွေ ဆူညံစွာမြည်လာတော့ ကျွန်မတို့ အင်မတန်အံ့သြထိတ်လန့်သွားရာ ဆရာကြီးဇနီးက 'အဲဒါ ….ဆရာမကြီးလာတာ သူသိကြောင်း နှုတ်ဆက်တာနေမှာ'လို့ ပြောခဲ့တာ ပြန်လည်ကြားယောင်နေဆဲ …'

(ဝိညာဉ်မဲ့မြတ်ဆရာပူဇော်ပွဲမှ -)

ထိုဆောင်းပါးထဲမှ သီးခြားခွဲထွက်လာသော ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရသည်။ ယင်းဆောင်းပါးမှာ ရေးနေကျရုပ်ပုံလွှာအကြောင်းအရာထဲမှ ခွဲထွက်ပြီး ရေးလာသည့် စာအုပ်ဖတ်ညွှန်းဆောင်းပါးဖြစ်ကာ ဆရာမကြီးအေးအေးနိုင်(ပညာရေး)ရဲ့ ဘဝတစ်ကွေ့မှတ်တမ်းစာအုပ်အကြောင်းဖြစ်သည်။ စာအုပ်ဖတ်ညွှန်းဆောင်းပါးအဆုံးမှာ ဆရာမကြီးအေးအေးနိုင်(ပညာရေး)၏ ကိုယ်ရေးအကျဉ်းလေးနဲ့ ဆရာမကြီး၏ ပုံရိပ်ခံစားမှုလေးကို ထည့်ရေးဖြစ်အောင် ရေးထားသည်မှာ ကရုဏာရသကို ရရှိထားပါသည်။

'ဆရာမကြီးအတန်းတပည့်တစ်ဦးက အားလပ်ချိန်တိုင်း ဝင်းဦးသီချင်းတွေကို အမြဲတမ်းဆိုနေပြီး ကျွန်တော်ကြီးလာရင် နာမည်ကြီးအဆိုတော်လုပ်မှာ၊ အဆိုတော်ဖြစ်လာရင် ဆရာမကို လာကန်တော့မယ်နော်'လို့ ပြောတော့ ဆရာမကြီးက 'သာဓု …သာဓုပါတော်၊ သာဓု နှစ်ခါခေါ်ထားမယ်၊ ကျန်နေသေးတဲ့ သာဓုတစ်ခွန်းခေါ်ဖို့ရာ ဆရာမကြီး ခင်မျာသကြိမ်အကြိုနေ့ရောက်တိုင်း မြို့မငွေငန်းဖြူကားကြီးနဲ့ အမြဲတမ်းတေးသီဆိုနေတဲ့ သူ့တပည့်ကျော် နာမည်ကြီးအဆိုတော်ကြီး ဘယ်တော့လာမလဲလို့ နှစ်စဉ် အမျှော်ကြီးမျှော်နေရှာတဲ့ ဆရာမကြီး သံယောဇဉ်ကြီးလိုက်ပုံက တတိယအရွယ်ကို သတိတရနဲ့ မျှော်နေတာကိုပါ'

(ဘဝတကွေ့မှတ်တမ်းမှ-)



ဆရာမကြီးခင်ဆွေလှိုင်(ပန်းချီ)ထုတ်ဝေမည့် စာအုပ်မှ ဆောင်းပါးများကို ဖတ်ရှုနေစဉ် တစ်ရက် ဆရာမကြီးထံမှ ဖုန်းဝင်လာသည်။ ဖုန်းထဲတွင် ဆရာမကြီးက စာမျက်နှာ ၁၀၀ ကျော် ထုတ်ဝေချင်လာသောကြောင့် နောက်ထပ်ဆောင်းပါးများ ထပ်ဖြည့်ဦးမည်ဟု ပြောကြားသဖြင့် ကျွန်တော်က ဆရာမကြီးအား စာမျက်နှာ ၁၀၀ ကျော်ထုတ်ရင် စာအုပ်ပိုခန့်သွားမည်ဖြစ်ရာ ဆောင်းပါးများ ထပ်ဖြည့်ဖို့ တွန်းအားပေးစကားပြောဖြစ်သည်။

ကျွန်တော်ထင်ပါသည်။ ဆရာမကြီးခင်ဆွေလှိုင် ထပ်ဖြည့်မည့် ဆောင်းပါးများမှာလည်း ယခုဖတ်ရှုခဲ့ရသော ဆောင်းပါးများလို ဘာသာရေး၊ အလှူအတန်း၊ ရုပ်ပုံလွှာ၊ ခရီးသွားပန်းချီကဗျာစာပေအကြောင်းအရာ ဆောင်းပါးများပဲ ဖြစ်မှာဟု တပ်အပ်သေချာ ကြိုသိနေမိသည်။

အများအားဖြင့် စာအုပ်တစ်အုပ်အပေါ် အမြင်ခံစားမှုအမှာစာများသည်၊ ထိုစာအုပ်ကောင်းကြောင်း ရေးဖွဲ့ကြသည်ကို ကိုးဆယ်ရာခိုင်နှုန်း ရေးသားပေးကြသည်ကို တွေ့ရသည်။ စာအုပ်၏ လိုအပ်ချက်၊ ဟာကွက်များကို ထောက်ပြပြောဆိုဖို့ရာ လှူယဉ်ကျေးမှုအရ လက်တွန့်ကြဟန်တူပါသည်။

ကျွန်တော်ကတော့ ဆရာမကြီးခင်ဆွေလှိုင်(ပန်းချီ)၏ စာများအားလုံး ကောင်းပါသည်ဟု မပြောကြားလိုသော်လည်း 'ပုဂ္ဂိုလ်ခင်၍ တရားမင်သည်'အဆိုအရ ပန်းချီဆရာမကြီးတစ်ဦး၏ ရသစာစုများသည် ပန်းစကြာမှန်ပြောင်းကြည့်နေရသလို အရောင်အသွေးစုံလင်လှသည်ဟု တပ်အပ်သေချာ ပြောကြားရပေမည်။

ဤတွင် အမေရိကန်စာရေးဆရာ ရှားဝုဒ်အင်ဒါဆင်(Sherwood Anderson)၏ စာရေးဆရာဆိုတာ So You Want to be a Writer ဆောင်းပါးထဲမှ စာတစ်ပိုဒ်ကို သွားအမှတ်ရမိသည်။

'သင်သည် စာရေးဆရာဖြစ်ချင်သူတစ်ယောက် ဖြစ်သည် ဆိုကြပါစို့။ ရေးရင်း ရေးရင်းနှင့် နောက်ဆုံး သင်စာအုပ်တစ်အုပ်ထုတ် ဖြစ်သွားပါမည်။ ထို့နောက် တစ်အုပ်ပြီး တစ်အုပ် ဆက်လက်ထုတ်ဝေသွားမည်'

(ရှားဝုဒ်အင်ဒါဆင်)

**ဆရာမကြီးခင်ဆွေလှိုင်(ပန်းချီ)စာအုပ်များ ဆက်လက်ရေးသားထုတ်ဝေနိုင်ပါစေ .....။**

သွယ်အောင်

# လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်ရေးအတွက် ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်



**ပခုက္ကူ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ အောက်တိုဘာ ၉ ရက် နံနက် ၁၀နာရီက ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးနှင့် ရုံးလုပ်ငန်းများ စနစ်ကျ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရုံးစာရေးသားနည်းသင်တန်း(၃/၂၀၂၅) ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိ ဒေါ်ချိုချိုမာနှင့် မြို့နယ်တာဝန်ခံ ဦးစီးအရာရှိများက ရုံးစာရေးသားရခြင်း၏ရည်ရွယ်ချက်များ၊ ရုံးစာအမျိုးအစားများအလိုက် နိဒါန်း၊ စာကိုယ်၊ နိဂုံးရေးသားနည်းများ၊ ရုံးစာရေးသားရာတွင် အခြေခံရမည့်အချက်များ၊ ဝင်စာ၊ ထွက်စာ၊ စာရွက်စာတမ်းများ လုံခြုံစွာကိုင်တွယ်ထိန်းသိမ်းခြင်း၊ ရုံးလုပ်ငန်းသဘောတရားများနှင့် အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းတင်ခြင်း စသည့် ဘာသာရပ်များကို အောက်တိုဘာ ၁၀ ရက်မှ ၁၁ အထိ သင်ကြားပို့ချပေးခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပခုက္ကူခရိုင်ရုံးနှင့် မြို့နယ်ရုံးများမှဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၄၀)**

* - * - * - * - * - *

# ပြည်သူ့စာကြည့်တိုက်တွင် ဝဲ၊ ယားနာရောဂါနှင့် တိုင်းရင်းဆေးကုထုံးများအကြောင်း အသိပညာပေးဆွေးနွေး

**တောင်တွင်းကြီး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက ဝဲ၊ ယားနာရောဂါနှင့် တိုင်းရင်းဆေးကုထုံးများအကြောင်း အသိပညာပေး(Talk Show) ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်နှင့် တိုင်းရင်းဆေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေဦးတို့က ဝဲ၊ ယားနာရောဂါ၏အဓိပ္ပာယ်၊ ဝဲ၊ ယားနာရောဂါ၏ ရောဂါလက္ခဏာများအကြောင်း၊ ကုထုံးဆေးချက်နှင့် ကုထုံးနည်းလမ်းများအကြောင်း၊ ဝဲ၊ ယားနာရောဂါ၏ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ဝဲ၊ ယားနာရောဂါနှင့်ပတ်သက်သည့် ဆေးဖက်ဝင်အပင်များအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲမှ ပြည်သူများအား ဝဲ၊ ယားနာရောဂါများအကြောင်းနှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်အတွက် တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် Page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**နောင်နောင်(မိဿနိုးမြေ)**

* - * - * - * - * - *




# စာဖတ်ရှိန်မြှင့်တင်ရေးပွဲအတွက် စေတနာအလှူရှင်ပြည်သူများမှ စာရေးကိရိယာများ၊ အရုပ်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ စေတနာရှင် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စေတနာအလှူရှင်ပြည်သူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲအတွက် စာရေးကိရိယာများ၊ အရုပ်များကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၁ နာရီက လှူဒါန်းခဲ့သည်။ အဆိုပါလှူဒါန်းရာတွင် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က လက်ခံရယူခဲ့ပြီး စာရေးကိရိယာပစ္စည်းများဖြစ်သည့် ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ၊ ဘောလ်ပင်၊ ကွန်ပါဘူး၊ အမွေးပွရုပ်များ စုစုပေါင်းပစ္စည်းတန်ဖိုး ငွေကျပ် ၁၂၂၉၁၀၀ ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းမောင်**



ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာဖို့။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မလေး

## ငှက်ကလေးရဲ့ သံစဉ်

* ငှက်ကလေးရဲ့ တေးသံစဉ်
ငြိမ်းအေးချမ်းမြလွင်
ကမ္ဘာတစ်ခွင် မိတ်ဆွေများ
ကျန်းမာကြစေသား။

* ငှက်ကလေးရဲ့ တေးသံစဉ်
ငြိမ်းအေးသာယာလွင်
ကမ္ဘာတစ်ခွင် လူသားများ
ချစ်ခင်ကြစေသား။

* ငှက်ကလေးရဲ့ တေးသံစဉ်
ငြိမ်းအေးချမ်းမြလွင်
ကမ္ဘာတစ်ခွင် ကောက်နှံများ
ဝင်းမှည့်ကြစေသား။

* ငှက်ကလေးရဲ့ တေးသံစဉ်
ငြိမ်းအေးသာယာလွင်
ကမ္ဘာတစ်ခွင် အဆိပ်ငွေ့များ
ကင်းစင်ကြစေသား။

* ငှက်ကလေးရဲ့ တေးသံစဉ်
ငြိမ်းအေးချမ်းမြလွင်
ကမ္ဘာတစ်ခွင် လူသားများ
အေးငြိမ်းကြစေသား။

* ငှက်ကလေးရဲ့ တေးသံစဉ်
ငြိမ်းအေးသာယာလွင်
ကမ္ဘာတစ်ခွင် ရောဂါများ
ကင်းစင်ကြစေသား။ ။

**သန်းစိုးအောင်**

# အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

**လဲချား အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ်၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ဟိုရင်)တွင် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဦးစီးအရာရှိ ဒေါ်ခင်ချိုထွေးက ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတတိုးပွားစေစေရန် ရည်ရွယ်၍ အခြေခံပညာကျောင်းများတွင် အလှည့်ကျစနစ်ဖြင့် ပြပွဲများ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောကြားပြီး ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဟောပြောခဲ့သည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း၊ မူးယစ်အန္တရာယ်အသိပညာပေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူ အင်အား ၁၀၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**

* - * - * - * - * - *



# အင်ဒိုနီးရှားနိုင်ငံတွင် ကျန်းမာရေးဝန်ဆောင်မှုပါဝင်သည့် ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်



**ဂျကာတာ အောက်တိုဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံသည် ဆနော အထူးစီးပွားရေးဇုန်ကို ဘာလီဒေသတွင် ဖွင့်လှစ်ကာ ခရီးသွားလုပ်ငန်းကို ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများဖြင့် မြှင့်တင်ဆောင်ရွက်နေကြောင်း သိရသည်။

**ရောဂါများကို ကုသနိုင်**

နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် သမိုင်းတွင်မည့် ယင်းအထူးစီးပွားရေးဇုန်အား သမ္မတ ပရာဘိုဝို ဆူဘီရန်တိုက ယခုနှစ် ဇွန် ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ဆနော အထူးစီးပွားရေးဇုန်ကို ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံခြားတွင် ဆေးကုသမှုခံယူမည့် နိုင်ငံသားများအနေဖြင့် နိုင်ငံရပ်ခြားသို့ သွားရန်မလိုဘဲ ပြည်တွင်းတွင်ပင် နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှုများကို ခံယူနိုင်ကြောင်း ပရာဘိုဝိုကပြောကြားသည်။ မြေဧက ၄၁ ဒသမ ၂၆ ဟက်တာပေါ်တွင် တည်ဆောက်ထားသည့် အထူးစီးပွားရေးဇုန်တွင် နိုင်ငံတကာအဆင့်ဆေးရုံများ၊ ကြယ်ငါးပွင့်အဆင့်ရှိဟိုတယ်များ၊ ကာယလေ့ကျင့်ရေး စင်တာများနှင့် ယဉ်ကျေးမှုဆိုင်ရာ နေရာများဖြင့် ဖွဲ့စည်းထားသည်။ ၎င်းအထူးစီးပွားရေးဇုန်ကို ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်မည် ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ဝါဒီရန်ဒီပူထရီဝါဒါနာ က ပြောကြားသည်။ ၎င်းအထူးစီးပွားရေးဇုန်ရှိ ဘာလီနိုင်ငံတကာဆေးရုံတွင် နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ အာရုံကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါနှင့် အရိုးအကြောရောဂါများကို ကုသနိုင်ကြောင်း သိရသည်။

ယခု ဆောင်ရွက်သည့် အထူးစီးပွားရေးဇုန်သည် ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်မည့် နိုင်ငံ၏ ရည်မှန်းချက်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးဖြစ်သည့် မာရာဝါတိုနီ က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် ဖင်လန်သမ္မတ အလက်ဇန္ဒားစတပ်ဘ်တို့ ရေခဲဖျက်သင်္ဘောကြီးများ ရောင်းဝယ်ရေးသဘောတူညီချက်ကို အတည်ပြု



**ဝါရှင်တန် အောက်တိုဘာ ၁၁**

အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်က ဖင်လန်သမ္မတ အလက်ဇန္ဒားစတပ်ဘ်ကို ယမန်နေ့က အိမ်ဖြူတော်၌ လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပြီး တန်ချိန် ၉၀၀၀ အလေးချိန်ရှိသော ရေခဲဖျက်သင်္ဘောကြီးများ ရောင်းဝယ်ရေးသဘောတူညီချက်ကို အတည်ပြုပေးခဲ့ပြီး ၎င်းတို့၏ တိုးတက်လာနေသော စီးပွားရေးနှင့် ပုဂ္ဂိုလ်ရေးဆက်ဆံရေးကို ခိုင်မာစေခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဖင်လန်နိုင်ငံမှာ သေးငယ်သော်လည်း သမ္မတအလက်ဇန္ဒားစတပ်ဘ်မှာမူ အမေရိကန်သမ္မတနှင့်တွေ့ဆုံစဉ် အခြားခေါင်းဆောင်များထက် ပိုမိုစကားလက်ဆုံကျခဲ့သည်။

ဂျော့ချ်ဝါရှင်တန် ငယ်စဉ်ပုံတူပန်းချီကားအောက်တွင် မျက်နှာချင်းဆိုင်ထိုင်နေကြစဉ် "ကျွန်တော်တို့ သူငယ်ချင်းဖြစ်လာတာကြာပါပြီ" ဟု ထရမ့်က မှတ်ချက်ပေးခဲ့သည်။

ထို့နောက် အဆိုပါခေါင်းဆောင်နှစ်ဦးသည် အကြောင်းအရာအမျိုးမျိုးနှင့် ပတ်သက်၍ တစ်နာရီကြာအောင် ဆွေးနွေးခဲ့ကြသော်လည်း အဓိကအကြောင်းအရာမှာ ရေခဲဖျက်သင်္ဘော ၁၁ စင်း ဝယ်ယူရေးသဘောတူညီချက်အကြောင်းပင်ဖြစ်သည်။

ယင်းသင်္ဘောများသည် ဖင်လန်၏ ရေကြောင်းဆိုင်ရာ အထူးကျွမ်းကျင်မှုဖြစ်ပြီး ဆောက်လုပ်ရန်ခက်ခဲကာ ၎င်းတို့နိုင်ငံက စကန်ဒီနေးဗီးယား ဆောင်းရာသီ၏ ပြင်းထန်သော ရေခဲများကြားမှ ဆိပ်ကမ်းများသို့ ဖောက်ထွင်းဝင်ရောက်ရန်အသုံးပြုသော သင်္ဘောများဖြစ်ပြီး ထရမ့်သည် ၎င်းတို့ကို အချိန်ကြာမြင့်စွာ စိတ်ဝင်စားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon




## ဖိလစ်ပိုင်တောင်ပိုင်း ပြင်းအားကြီး ငလျင်နှစ်ခုကြောင့် ပျက်စီးယိုယွင်းနေသည့် မြင်ကွင်းများကို ကြုံတွေ့ခဲ့ရ

**မနီလာ အောက်တိုဘာ ၁၁**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ပြင်းအားကြီးမားသည့် ငလျင်နှစ်ခုကြောင့် ထိတ်လန့်တုန်လှုပ်နေကြသည့် အသက်ရှင်ကျန်ရစ်သူများသည် အောက်တိုဘာ ၁၁ ရက်နံနက် နိုးထလာချိန်၌ ညတွင်းချင်းလှုပ်ခဲ့သည့် နောက်ဆက်တွဲငလျင်ရာပေါင်းများစွာကြောင့် ပျက်စီးယိုယွင်းနေသည့် မြင်ကွင်းများကို ကြုံတွေ့ခဲ့ရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယမန်နေ့က ကမ်းလွန်ပင်လယ်ပြင်တွင် နာရီပိုင်းအတွင်း အသီးသီးလှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၄ နှင့် ၆ ဒသမ ၇ အဆင့်ရှိ ငလျင်များ၏ နောက်ဆက်တွဲလျင်ဒဏ်ကြောင့် ကြေမွသေဆုံးမည်ကို စိုးရိမ်သောကြောင့် မင်ဒါနာအိုကျွန်း၏ ကမ်းရိုးတန်းဒေသခံအများအပြား အပြင်ဘက်တွင် အိပ်ခဲ့ကြရသည်။

ဖိလစ်ပိုင်အာဏာပိုင်များက လူအနည်းဆုံး ရှစ်ဦးသေဆုံးခဲ့ကြောင်း အတည်ပြုသော်လည်း ပျက်စီးဆုံးရှုံးမှုအတိုင်းအတာကို ဆက်လက်စစ်ဆေးနေဆဲ ဖြစ်သည်။

လူဦးရေ ၄၀၀၀၀ ခန့်ရှိသည့် မင်ဒါနာအိုဒေသ မန်နေးမြို့၌ လူများသည် နံနက်တွင် နေအိမ်များနှင့် အခြားအဆောက်အအုံများမှ အပျက်အစီးများနှင့် ကွဲအက်နေသောမှန်များကို ဖယ်ရှားရှင်းလင်းနေကြကြောင်း သိရသည်။

Mon



## ရာဇာနယ်စပ်ဖြတ်ကျော်ရေးကို မြန်မာနိုင်ငံ

## ရာထူးမှနုတ်ထွက်လိုက်သော ဆီဘက်စ်တီယန် လေကော်နူအား ပြင်သစ်သမ္မတက ပြင်သစ်ဝန်ကြီးချုပ်အဖြစ် ပြန်လည်တာဝန်ပေး

**ပဲရစ် အောက်တိုဘာ ၁၁**

ပြင်သစ်သမ္မတ အီမန်နျူယယ် မာခရွန်သည် ရာထူးမှနုတ်ထွက်ပြီး လေးရက်အကြာတွင် ဆီဘက်စ်တီယန် လေကော်နူအား ပြင်သစ်ဝန်ကြီးချုပ်အဖြစ် ပြန်လည်တာဝန်ယူရန် တောင်းဆိုခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မာခရွန်သည် လက်ယာစွန်းနှင့် လက်ဝဲစွန်းပါတီခေါင်းဆောင်များမှလွဲ၍ အဓိကပါတီအားလုံးနှင့် ဧလိဇီနန်းတော်၌ နာရီအနည်းငယ်ကြာ တွေ့ဆုံပြီး အောက်တိုဘာ ၁၀ ရက်ညနေခင်းပိုင်းတွင် ယင်းကိစ္စနှင့်ပတ်သက်၍ ကြေညာခဲ့သည်။

လေကော်နူအနေဖြင့် အစိုးရဖွဲ့နိုင်မည်ဆိုသည်မှာ မသေချာသေးသော်လည်း ချက်ချင်းလက်တွေ့အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ဝန်ကြီးချုပ်သစ်သည် လာမည့်နှစ် ဘတ်ဂျက်ကို ပါလီမန်သို့ တင်ပြရန်အတွက် အောက်တိုဘာ ၁၃ ရက် နောက်ဆုံးထား လုပ်ဆောင်ရမည်ဖြစ်သည်။

သမ္မတသည် လေကော်နူအား အစိုးရဖွဲ့စည်းရန် တာဝန်ပေးအပ်ခဲ့သည်ဟု ဧလိဇီနန်းတော်က ပြောကြားခဲ့ပြီး မာခရွန်၏ ရုံးအဖွဲ့ကလည်း ၎င်းအား အပြည့်အဝ အခွင့်အာဏာပေးထားကြောင်း ဖော်ပြခဲ့သည်။

သမ္မတက အပ်နှင်းထားသော တာဝန်ကို တိုင်းပြည်အပေါ် တာဝန်အရ လက်ခံလိုက်သည်ဟု ၎င်း၏ အိတ်ခ်စ်လူမှုကွန်ရက်အကောင့်တွင် အသက် ၃၉ နှစ်ရှိပြီး မာခရွန်၏ သစ္စာအရှိဆုံး မဟာမိတ်များထဲမှ တစ်ဦးဖြစ်သူ လေကော်နူက အသိပေးကြေညာထားကြောင်း သိရသည်။

Mon




## ရာဖာနယ်စပ်ဖြတ်ကျော်ရေးစခန်းကို လာမည့်သီတင်းပတ်တွင် ပြန်လည်ဖွင့်လှစ်မည်

**ဂျေရုဆလင် အောက်တိုဘာ ၁၁**

ဂါဇာနှင့် အီဂျစ်ကြားရှိရာဖာနယ်စပ်ဖြတ်ကျော်ရေးစခန်းကို လာမည့်သီတင်းပတ်အတွင်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း အပစ်အခတ်ရပ်စဲရေးညှိနှိုင်းသည့် တာဝန်ရှိသူများက ဟားမတ်စ်အဖွဲ့အား အသိပေးပြောကြားခဲ့သည်ဟု ဟားမတ်စ်အဖွဲ့က အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားသည်။

အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့ကြား အပစ်အခတ်ရပ်စဲရေး ပြန်လည်စတင်ခဲ့ပြီးနောက် ၎င်းနယ်စပ်ဖြတ်ကျော်ရေးစခန်း ဖွင့်လှစ်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လာမည့်သီတင်းပတ်အတွင်း ရာဖာနယ်စပ်ဖြတ်ကျော်ရေးစခန်းကို ဖွင့်လှစ်မည်ဖြစ်ပြီး သွားလာမှုများကို ခွင့်ပြုမည်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။ အောက်တိုဘာ ၁၁ ရက်မှ စတင်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစားအသောက်နှင့် မရှိမဖြစ် လူသုံးကုန်များဖြစ်သည့် ဓာတ်ငွေ့နှင့် လောင်စာဆီများကို ဂါဇာဒေသသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် လျှပ်စစ်မီး ပြန်လည်ရရှိရေး ဆောင်ရွက်မည်ဖြစ်ကြောင်း အပစ်အခတ်ရပ်စဲရေးညှိနှိုင်းသည့် တာဝန်ရှိသူများက ပြောကြားသည်။

ယင်းပြောကြားချက်များသည် အစ္စရေးတပ်မတော်က ဟားမတ်စ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးသည် အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းမှ စတင်၍အသက်ဝင်လာခဲ့ကြောင်း ကြေညာခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် ဓားစာခံများလွှတ်ပေးရေးဆိုင်ရာ သဘောတူညီချက်များအရ အစ္စရေးတပ်မတော် တပ်ဖွဲ့များကို သတ်မှတ်နေရာများတွင် ပြန်လည်တပ်စွဲခဲ့ကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေးရရှိပြီးနောက် ဂါဇာမြောက်ပိုင်းသို့ ပါလက်စတိုင်းဒေသခံ ၂၀၀၀၀၀ ပြန်လည်ရောက်ရှိလာကြောင်း ဟားမတ်စ်အဖွဲ့ တာဝန်ရှိသူ မာမက် ဗေဆယ်ကပြောကြားသည်။ အစ္စရေးတပ်မတော်တပ်ဖွဲ့များ ဆုတ်ခွာသွားခြင်းနှင့် အကူအညီပေးရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လာခြင်းကြောင့် ဂါဇာမြောက်ပိုင်းသို့ ဒေသခံများပြန်လည်ဝင်ရောက်လာကြကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စုရပ်မှသည် ရပ်ရွာဆီသို့

(၂၅-၉-၂၀၂၅)ရက်က စာရေးဆရာ အောင်တင်ဝင်း(ငါ့သရောက်) ဦးဆောင်သော စာပေတင်းကုပ်အဖွဲ့ဝင်များ၏ စာပေလုပ်ငန်းကွင်းဆင်းဆောင်ရွက်မှုနှင့်အတူ လိုက်ပါခွင့်ရခဲ့ပေသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့အဝင်က ဦးမျိုးသန့် (မျိုးမြန်မာ စပါးထုတ်လုပ်ရေး)ခြံဝင်းအတွင်း ကျင်းပသော ပခုက္ကူ ဦးအုန်းဖေ စာပေဆုရှင် ဆရာမ ခင်သိန်း(ညောင်ဦး)၊ နွေးထွေး(ပုသိမ်ကြီး)၏ ဆီကိုရေချိုး စာအုပ်မိတ်ဆက်ပွဲသို့ ရောက်ရှိခဲ့သည်။ စာပေဝါသနာရှင်များ၏ ကောင်းမွန်အကျိုးရှိသော ရည်ရွယ်ချက်များဖြင့် စိတ်အားထက်သန်စွာ ဆောင်ရွက်နေကြသည့် စေတနာမွန်များကို လေ့လာခွင့်ရရှိခဲ့ပေသည်။

၄င်းနောက် ပုသိမ်ကြီးမြို့၊ မြို့မစာကြည့်တိုက် စာအုပ်များလှူဒါန်းပွဲသို့ တက်ရောက်ခွင့်ရရှိခဲ့ပြီး စာကြည့်တိုက်ရှင်သန်နေမှုအတွက် ကြီးကြပ်သူများ၏ လူမှုအသိုက်အဝန်းအတွင်း ကောင်းကျိုးဖြစ်ထွန်းစေမှု စေတနာများဖြင့် ဆောင်ရွက်နေမှုကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားခဲ့ရပေသည်။ စာပေနှင့် စာကြည့်တိုက်ဆိုင်ရာကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြပေသည်။

ထိုမှတစ်ဆင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာန စာကြည့်တိုက်များအတွက် စာအုပ်များကို အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနသို့ သွားရောက်လှူဒါန်းခဲ့ကြပါသည်။

ယင်းနေ့ စာအုပ်၊ စာပေများ လှူဒါန်းမှုအစီအစဉ်တွင် သုတ၊ ရသ စာပေဆောင်းပါးစာအုပ်များကို ပုသိမ်ကြီး မြို့မစာကြည့်တိုက်၊ ပုသိမ်ကြီးမြို့ ဘဝအသိစာကြည့်တိုက်၊ မန္တလေးမြို့ ရွှေဥဒေါင်းမီးရထားစာကြည့်တိုက်၊ မန္တလေးမြို့ အလင်းရောင်စာကြည့်တိုက်၊ မန္တလေးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးစာကြည့်တိုက်များသို့ လှူဒါန်းမှုပြုခဲ့ကြောင်း သိရှိရပေသည်။

ယခုကဲ့သို့ အစီအစဉ်များသည် စဉ်ဆက်မပြတ် ဆောင်ရွက်နေကြကြောင်းကိုလည်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ စာပေတင်းကုပ်အဖွဲ့သားများ၏ "စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စုရပ်မှသည် ရပ်ရွာဆီသို့" ခေါင်းစဉ်ဖြင့် ဤဆောင်းပါးလေးကို ဂုဏ်ပြုရေးသားအပ်ပါသည်။

Outreach အဆိုပါစကားရပ်ကို ရင်းနှီးကျွမ်းဝင်နေသည်မှာ ကြာခဲ့ပြီ။ မိမိသည် လူမှုဝန်ထမ်းဌာနတွင် လုပ်ခဲ့ဖူးသဖြင့် လူအများကို ကူညီပေးရန် သတင်းအချက်အလက်မျှဝေရန် ဆက်ဆံရေးတည်ဆောက်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်သည့် လူမှုဝန်ထမ်းလုပ်ငန်းနှင့် ဆက်စပ်နေသဖြင့် အဆိုပါစကားရပ်နှင့် ရင်းနှီးနေခြင်း ဖြစ်ပေသည်။

Outreach ၏ အဓိပ္ပာယ်သည် တစ်စုံတစ်ဦး (သို့မဟုတ်) တစ်စုံတစ်ခုထံ ဆက်သွယ်ရန် ချိတ်ဆက်ကြိုးစားမှု (သို့မဟုတ်) လုပ်ဆောင်မှုကို ဆိုလိုခြင်းဖြစ်ပေသည်။

NGOs အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများသည် Outreach လုပ်ငန်းကို အထူးလုပ်ဆောင်လေ့ရှိကြသည်။

ဥပမာအားဖြင့် ၄င်းတို့ ပံ့ပိုးထောက်ကူပြုလျက်ရှိသောသူများထံ အကူအညီပေးရေးအတွက် ဆက်သွယ်မှု၊ ချိတ်ဆက်မှု၊ လုပ်ဆောင်မှုများအတွက် ကွင်းဆင်းလုပ်ဆောင်ကြခြင်းပင်ဖြစ်သည်။ လမ်းပေါ်နေကလေးများ Street Children အုပ်စုကို တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေး၊ ကျောင်းပြင်ပ ပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် ဘဝတွက်တာကျွမ်းကျင်စရာပညာပေးရေးတို့အတွက် အဆိုပါကလေးများရှိရာသို့ သွားရောက်ဆက်ဆံမှုသည် Outreach လုပ်ငန်းပင် ဖြစ်ပေသည်။

ထိုနည်းတူစွာ ကျန်းမာရေးနယ်ပယ်၌ ဆရာဝန်၊ သူနာပြုများသည် လူနာရှိရာသို့ သွားရောက်ဆေးကုသမှုဆိုင်ရာ ကူညီလုပ်ဆောင်မှုသည်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဖောက်သည်အသစ်များထံ ဆက်သွယ်ခြင်းသည်လည်းကောင်း၊ အသိုက်အဝန်းတစ်ခုအတွင်း လူထုနှင့် ထိတွေ့ဆက်ဆံရန် အစီအစဉ်များသည် Outreach လုပ်ငန်းတွင် အကျုံးဝင်ပေသည်။



Community Outreach ဆိုရာတွင် ရပ်ရွာလူထု အသိုက်အဝန်းနှင့် ဆက်သွယ်ထိတွေ့ရန် သတင်းအချက်အလက် မျှဝေရန်၊ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်သည့် လုပ်ဆောင်မှုများ၊ အစီအစဉ်များကို ဆိုလိုပါသည်။

ဤလှုပ်ရှားမှုများသည် အများအားဖြင့် လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရအဖွဲ့အစည်းများ (သို့မဟုတ်)တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ လူထုအတွင်း ယုံကြည်မှု၊ ပံ့ပိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်ရန် ရည်မှန်းလုပ်ဆောင်လေ့ရှိကြသည်။

ဥပမာအားဖြင့် ကျောင်းများသို့ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး လှုပ်ရှားမှုများ၊ ဆင်းရဲသော လူထုအတွက် ကျန်းမာရေးစစ်ဆေးပေးမှုနှင့် အသိပညာပေးမှု၊ အလှူရှင်များ၏ လှူဒါန်းမှုများ၊ ဒေသခံလူများနှင့် သစ်ပင်စိုက်ပျိုးပွဲတော် ပြုလုပ်ခြင်း၊ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းတို့သည် Community Outreach ပြုလုပ်နေခြင်း ဖြစ်ပါသည်။



ကျွန်ုပ်၏မိတ်ဆွေ စာပေဝါသနာရှင်များသည် "စာပေတင်းကုပ်"ဟု ဆိုအပ်သော စုရပ်တွင် စာပေ၊ အနုပညာလုပ်ငန်းများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆွေးနွေးဖလှယ်ရာဌာနအဖြစ် စုပေါင်းလုပ်ဆောင်ခဲ့သည်မှာ ကာလရှည်စွာဖြင့် အရှိန်အဟုန်ရရှိခဲ့ပြီးဖြစ်၏။

သို့ရာတွင် အကြောင်းကြောင်းကြောင့် အဆိုပါစုရပ်၌ စာပေဆိုင်ရာ လုပ်ငန်းများကို ခေတ္တရပ်နားထားခဲ့ပါသည်။

ယခုအခါ စာပေမိတ်ဆွေတို့သည် အဆိုပါစုရပ်မှ နယ်မြေအသီးသီးရှိ စာကြည့်တိုက်များ၊ စာပေအနုပညာရှင်များရှိရာ အရပ်ဒေသအသီးသီးသို့ သွားရောက်လျက် စာပေဆိုင်ရာ အကူအညီများပေးခြင်း၊ စာကြည့်တိုက်ကြီးကြပ်သူများနှင့် ထိတွေ့ချိတ်ဆက်လျက် လိုအပ်သည်များကို ကူညီပံ့ပိုးခြင်း၊ အမြင်ချင်းဖလှယ်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရပေသည်။

ဗြဟ္မဝိဟာရတရားလေးပါးဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတို့တွင် အခြေခံကျသောမေတ္တာသည် သတ္တဝါအားလုံးအပေါ် ပျော်ရွှင်စေရန် ကောင်းကျိုးချမ်းသာဖြစ်စေရန် စိတ်ရင်းမှန်ဖြင့် လိုလားသောစိတ်ထားဖြစ်ပေသည်။

မေတ္တာနှင့် နီးကပ်စွာရှိနေသည့် စေတနာသည် လူမှုဆက်ဆံရေးနှင့် စိတ်ဓာတ်မွေးမြူရေးတွင် အရေးပါသောစိတ်ထားများကို ဖော်ပြနေပေသည်။ သူတစ်ပါးကောင်းကျိုးကို စဉ်းစားပြီး စိတ်ရင်းဖြင့် ကူညီလိုသော စိတ်ထားမြတ်ဖြစ်ပေသည်။

လူမှုအသိုက်အဝန်းအတွင်း သဟဇာတဖြစ်ထွန်းစေမှုနှင့် ကောင်းကျိုးဖြစ်ထွန်းစေမှုအတွက် ရည်ရွယ်၍ စာပေများရေးသားခြင်းနှင့် ဖြန့်ဝေဖို့ရာ နှီးနှောဖလှယ်ဆွေးနွေးကြရာ နေရာသည် စာပေတင်းကုပ်ပင် ဖြစ်ခဲ့ပါသည်။ ထိုအထဲတွင် စာကြည့်တိုက်ဖြစ်မြောက်ရုံမျှမက လည်ပတ်နိုင်ရေးကို ကျားကုတ်ကျားခဲ အားထုတ်နေကြသည့် စာကြည့်တိုက်များကြီးကြပ်နေသည့် ပုဂ္ဂိုလ်များ၏ ကဏ္ဍသည်လည်း အရေးပါလှပါသည်။

အဆိုပါ "စာပေတင်းကုပ်"အဖွဲ့သားများသည် မိမိတို့ စုရပ်စုဝေးရာဗဟိုဌာန Centre Based မှ ရပ်ရွာအခြေပြုလူထုထံ လူမှုဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု Community Outreach တို့ အားပေးလုပ်ဆောင်နေကြပြီ ဖြစ်ပေသည်။

သို့အတွက် သွားလာရေးစရိတ်စကကိုပင် မိမိတို့အိတ်စိုက်ခြင်းဖြင့် သွားလာလှုပ်ရှားနေမှုသည် စေတနာ့ဝန်ထမ်းလူမှုရေးသမားများ၊ Volunteer Society အဖြစ် ပေါ်လွင်နေပေသည်။ ၄င်းတို့၏ ဝါသနာအနစ်နာခံမှုများသည် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာ၊ မေတ္တာကို ထင်ဟပ်စေပါသည်။

သို့ဖြစ်ပါ၍ စာပေတင်းကုပ်မှ စာပေသမားများသည် လူထု၏ အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍လည်းကောင်း၊ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာကြည့်တိုက်အသစ်များ ပေါ်ပေါက်လာရေးအတွက် ကိုယ်တိုင်ကိုယ်ကျ သွားရောက်လျက် ရပ်ရွာအခြေပြုလုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်နေကြသည်ကို မိမိမှ အသိအမှတ်ပြုရေးသားလျက် မှတ်တမ်းတင်အပ်ပါသည်။



**အောင်စိုး(လူမှုဝန်ထမ်း)**

# "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့" လူထုအသိပညာပေး ဆိုင်းဘုတ်များ စိုက်ထူ

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် လူထုအသိပညာပေး "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့" မြေစိုက်ပိုစတာများကို အောက်တိုဘာ ၁၁ ရက်က နိုင်ငံတစ်ဝန်း မြို့နယ်များရှိ လူစည်ကားရာနေရာများ၌ စိုက်ထူထားကြောင်း သိရသည်။





































## သမန်းရင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမန်းရင်းကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်း မပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကြီးတန်းစာရေးဒေါ်ဌေးမြက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲ စာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းမှုဘောင်များ၊ အတိုးနှုန်းနှင့် စီမံကိန်းကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သမန်းရင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၂၀ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၁၅ ဒသမ ၈ သန်း၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၄ ဒသမ ၃ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၀ ဒသမ ၄ သန်း၊ စုစုပေါင်း စီမံကိန်းအသင်းသား၊ အသင်းသူ ၁၅၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံ ငွေကျပ် ၄၁ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၄၅)



၀-၀-၀-၀-၀

၀-၀-၀-၀

## မိုးအဓိကသီးနှံများ ယခင်နှစ်ထက် ပိုမိုကျော်လွန်အောင် စိုက်ပျိုးနိုင်

**စစ်ကိုင်း အောက်တိုဘာ ၁၁**

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံများကို ယခင်နှစ်ထက် ပိုမိုကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခင်နှစ်တွင် မိုးစပါး ၂၆၁၂၅ ဧက၊ မိုးပဲတီစိမ်း ၄၄၈၁၆ ဧက၊ ပဲစင်းငုံ ၁၉၇၅၂ ဧက၊ မိုးမြေပဲ ၉၄၂၇ ဧက၊ မိုးနှမ်း ၂၄၇၂၅၊ မိုးနေကြာ ၁၂၂၂၄ ဧက၊ ဝါ ၁၅၆၃၀ ဧက စိုက်ပျိုးနိုင်ပြီး ယခုနှစ်တွင် မိုးစပါး ၂၆၁၂၆ ဧက၊ ပဲတီစိမ်း ၄၄၈၁၈ ဧက၊ ပဲစင်းငုံ ၁၉၇၅၇၊ မိုးမြေပဲ ၉၄၂၉ ဧက၊ မိုးနေကြာ ၁၂၂၂၇ ဧက၊ မိုးနှမ်း ၂၄၇၂၇ ဧက စိုက်ပျိုးနိုင်ခဲ့၍ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါသည်။

စစ်ကိုင်းမြို့နယ်တွင် အဓိက စိုက်ပျိုးသီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းအသိပညာပေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရာသီချိန်တွင် မျိုးစေ့များ ရရှိနိုင်ရေးနှင့် သွင်းအားစု (ဓာတ်မြေဩဇာ)များကို စိုက်ပျိုးသည့် ကျေးရွာများအလိုက် ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။(ဓဲပုံ)

နေလင်းအောင်(ပြန်/ဆက်)



❖ ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာလုံးဆိုင်ရာပြတ်တောက်မှု (Global Disruptions) များကြောင့် ဖြစ်လာနိုင်သည့် ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစပ်မှု ( Regional Economic Integration) များကို လုပ်ဆောင်ရန်လို...

❖ ဒေသတွင်းထုတ်လုပ်မှုကွင်းဆက်( Supply Chains) များကို အားကောင်းလာစေရန် ပူးပေါင်းပါဝင်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ရှေးနှစ်ပေါင်းများစွာ ဓလေ့ရိုးရာအစဉ်အလာဖြင့် သုံးဆောင်လာခဲ့သည့်မြန်မာ့လက်ဖက်အစိုကို ယူနက်စကိုဝင်ရန် လုပ်ဆောင်နေ



မြန်မာနိုင်ငံ၏ လက်ဖက်သည် ရှေးနှစ်ပေါင်းများစွာ ဘုရင်များ လက်ထက်ကတည်းက ဓလေ့ရိုးရာအစဉ်အလာအနေဖြင့် သုံးဆောင်လာခဲ့ကြပြီး ယနေ့ခေတ်ထိတိုင် ဘာသာရေးအခမ်းအနားများ၊ အလှူပွဲများ၊ မင်္ဂလာဧည့်ခံပွဲများမှာ မပါမဖြစ် အသုံးပြုလာကြသည့် ရိုးရာဓလေ့အစဉ်အလာတစ်ခုဖြစ်သည့်အတွက် မြန်မာတို့၏ လက်ဖက်အစိုစားသုံးမှု ရှေးဟောင်းအမွေအနှစ်ကို တန်ဖိုးထားလျက် နိုင်ငံတကာ အသိအမှတ်ပြုသွားစေရန်နှင့် ယူနက်စကိုဝင်ရန်အတွက် မြန်မာနိုင်ငံလက်ဖက်အသင်းအနေဖြင့် အဆင့်ဆင့်တင်ပြပြီး ကြိုးစားဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံလက်ဖက်အသင်းဝင် ဦးကာကာ+ဒေါ်စိန် လက်ဖက်လုပ်ငန်းမှ ဒေါ်ညိုညိုစိန်ထံမှ သိရသည်။

"မြန်မာနိုင်ငံ လက်ဖက်အသင်းကနေပြီးတော့ မြန်မာ့လက်ဖက်အစိုကို ယူနက်စကို ဝင်ဖို့ကြိုးပမ်းနေပါတယ်။ ကျွန်မတို့မြန်မာတွေရဲ့ လက်ဖက်သုပ်စားတဲ့ ဓလေ့ထုံးတမ်းရိုးရာဟာ ရှေးနှစ်ပေါင်းများစွာ ဘုရင်တွေ လက်ထက်ကတည်းကလို့ သိရတယ်၊ လက်ဖက်အစိုကို စားတာကတော့ မြန်မာတွေရဲ့ ရှေးဟောင်း အမွေအနှစ်တစ်ခုဖြစ်တယ်၊ အဲ့ဒီအမွေအနှစ်တွေကို တကယ်တန်ဖိုးထားပြီးတော့ နိုင်ငံတကာကလည်း အသိအမှတ်ပြုစေချင်လို့ ယူနက်စကိုတင်ဖို့လုပ်နေတာပါ၊ အခုအခါမှာ မြန်မာ့လက်ဖက်သုပ်ကို မြန်မာလူမျိုးတွေသာမက အနောက်နိုင်ငံတွေမှာလည်း တွင်တွင်ကျယ်ကျယ် စားသုံးသူတွေများလာကြတယ်လို့သိရတယ်၊ မြန်မာ့လက်ဖက်အစိုကို ယူနက်စကိုတင်ဖို့ အဆင့်ဆင့်လုပ်ဆောင်နေပြီး ယခုနှစ်အတွင်းမှာ ပြီးစီးအောင်လုပ်ဖို့ရှိတယ်"လို့ ယင်းလက်ဖက်လုပ်ငန်းမှ ဒေါ်ညိုညိုစိန်က ပြောသည်။

မြန်မာနိုင်ငံလက်ဖက်အသင်းအနေဖြင့် လက်ဖက်စိုက်ပျိုးသည့် ခြံပိုင်ရှင်များ၊ တောင်သူများ၊ လုပ်ငန်းရှင်များ၊ ဖြန့်ဖြူးရောင်းချသူများ၊ Export ထုတ်လုပ်သည့်ကုမ္ပဏီများအပါအဝင် အသင်းဝင်ပေါင်း နှစ်သောင်းကျော်ရှိကြောင်း၊ မြန်မာတို့၏ လက်ဖက်အစိုစားသုံးမှုကို ယူနက်စကိုဝင်ရန်အတွက် ယခုနှစ်အကုန်တွင် အဆင့်ဆင့်အပြီးတင်သွားမည်ဖြစ်ကြောင်းနှင့် လက်ဖက်သည် မြန်မာလူမျိုးများအတွက် သာမန်အစားအစာတစ်ခုထက်ပိုသည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ လူမှုရေးနှင့် ကျန်းမာရေးတို့ကို ပေါင်းစပ်ထားသည့် သင်္ကေတတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

(မန္တလေးနေ့စဉ်-၂)

၀-၀-၀-၀

၀-၀-၀-၀-၀

## ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲအုပ်စုအဆင့်တွင် ဟန်ဂေရီနှင့် နော်ဝေအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

လန်ဒန် အောက်တိုဘာ ၁၁

၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲ အုပ်စုအဆင့်တွင် ဟန်ဂေရီအသင်းနှင့် နော်ဝေအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီရရှိခဲ့သည်။

အုပ်စု(F)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီခွဲက ဟန်ဂေရီအသင်းနှင့် အာမေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဟန်ဂေရီအသင်းက အာမေးနီးယားအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဟန်ဂေရီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅၆မိနစ်တွင် လူးကပ်စ်၊ ပွဲချိန် (၉၀+၄) မိနစ်တွင် ဂရူဘာတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဟန်ဂေရီအသင်းသည် အုပ်စု(F)ပွဲစဉ် သုံးပွဲကစားအပြီးတွင် ရမှတ် လေးမှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်ခဲ့သည်။

ပွဲချိန်တူ အုပ်စု(I) ပွဲစဉ်တွင်လည်း နော်ဝေအသင်းနှင့် အစ္စရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နော်ဝေအသင်းက အစ္စရေးအသင်းကို ငါးဂိုး၊ ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည်။

နော်ဝေအသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲချိန် ၁၈မိနစ်တွင် အာနန်(OG)၊ ပွဲချိန် ၂၇မိနစ်၊ ၆၃မိနစ်၊ ၇၂မိနစ်တွင် ဟာလန်း၊ ပွဲချိန် ၂၈မိနစ်တွင် အိုင်ဒန(OG) တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

နော်ဝေအသင်းသည် အုပ်စု(I) ပွဲစဉ် ခြောက်ပွဲကစားအပြီးတွင် ခြောက်ပွဲစလုံး ရှုံးနှုန်းပြည့်အနိုင်ရရှိကာ အုပ်စုပထမနေရာတွင် ရပ်တည်ခဲ့သည်။

(NGB)



ရန်ကုန် အောက်တိုဘာ ၁၁

## ဒဂုံစတားယူနိုက်တက် (ယူ-၂၁)အသင်းက ရတနာပုံ(ယူ-၂၁) အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

MNL Youth (U-21) League (Week-24) အဖြစ် ဒဂုံစတားယူနိုက်တက် (ယူ-၂၁)အသင်းနှင့် ရတနာပုံ (ယူ-၂၁)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒဂုံစတားယူနိုက်တက် (ယူ-၂၁)အသင်းက ရတနာပုံ (ယူ-၂၁)အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဒဂုံစတားယူနိုက်တက် (ယူ-၂၁)အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂၃မိနစ်တွင် နေသူရဖြိုး၊ ပွဲချိန် ၄၈မိနစ်နှင့် ၅၂မိနစ်တွင် ဖိုးသောကြာတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ယခုပွဲစဉ်တွင် AYA Pay အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားယူနိုက်တက်(ယူ-၂၁) အသင်းမှ ကျောနံပါတ် (၉၉) ဖိုးသောကြာက ရရှိခဲ့သည်။

ဒဂုံစတားယူနိုက်တက် (ယူ-၂၁)အသင်းသည် MNL Youth (U-21) League ပွဲစဉ် ၂၄ပွဲကစားအပြီးတွင် ရမှတ် ၅၅မှတ်ဖြင့် အဆင့်တစ်နေရာတွင် ရပ်တည်လျက်ရှိသည်။

အခြားပွဲစဉ်အဖြစ် ယနေ့ ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် Junior Lions(ယူ-၂၁)အသင်းနှင့် ဒဂုံပို့(ယူ-၂၁) အသင်းတို့ ပွဲစဉ်တွင်လည်း Junior Lions(ယူ-၂၁)အသင်းက ဒဂုံပို့(ယူ-၂၁) အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

(NGB)

၀-၀-၀-၀



## ၂၀၂၇ အာရှဖလားခြေစစ်ပွဲ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ဆီးရီးယားလက်ရွေးစင်အသင်းတို့၏ ခြေစစ်ပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၁

၂၀၂၇ ခုနှစ် အာရှဖလားခြေစစ်ပွဲအဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယားအသင်းတို့သည် အောက်တိုဘာ ၁၄ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်